ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၂ ရက်၊ တနင်္ဂနွေနေ့၊ (10-4-2005) (၄၅၆၄)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
လာအို၊ ဗီယက်နမ်နှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သော
နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်

ရန်ကုန် ဧပြီ ၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့လည်းကောင်း၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့လည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံသို့ လည်းကောင်း ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ ပြီးနောက် ယနေ့နံနက် ၁၀နာရီ မိနစ် ၂၀တွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဦးဆောင်သည့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သော နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။ (အပေါ်ပုံ)(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၁၀-၄-၂၀၀၅
(တနင်္ဂနွေနေ့)

နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်

မြန်မာနိုင်ငံသည် ရေ၊ မြေရာသီဥတု ကောင်းမွန်ပြီး သဘာဝသယံဇာတ ပေါများကြွယ်ဝသော နိုင်ငံဖြစ်သည်နှင့်အညီ မြေသယံဇာတများကို အပြည့်အဝအသုံးချ၍ တိုးချဲ့စိုက်ပျိုးခြင်းဖြင့် စိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှုများ တိုးတက်မြင့်မားလာလျက်ရှိသည်။

တနင်္သာရီတိုင်းကဲ့သို့ ရေ၊ မြေရာသီဥတု သယံဇာတ ကောင်းမွန်ကြွယ်ဝသောဒေသတွင် စိုက်ပျိုးရေးနှင့် အခြား စီးပွားရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်လာနိုင်သည်နှင့်အမျှ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတော်အတွက် အဓိကအားထားရသော တိုင်းကြီးတစ်တိုင်းဖြစ်နိုင်သည့် အလားအလာကောင်းများကို တွေ့မြင်နေရသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အဖွဲ့ဝင်များလိုက်ပါလျက် ဧပြီလ ၇ ရက်နှင့် ၈ ရက်နေ့များက ထားဝယ်မြို့နယ်၊ ရေဖြူမြို့နယ်နှင့် လောင်းလုံးမြို့နယ်တို့သို့ သွားရောက်၍ ဆီအုန်း၊ ရော်ဘာစိုက်ခင်းများ၊ ဒေသစိမ်းလန်းစိုပြည်မှုအခြေအနေများနှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆိုင်ရာများ လမ်းညွှန်မှာကြားသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ခရီးစဉ်အတွင်း ထားဝယ်တပ်နယ် အောင်ဆန်းခန်းမ၌ တပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများနှင့်မိသားစုများ၊ ထားဝယ်ခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံရာတွင် **တနင်္သာရီတိုင်း ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်လုပ်ကိုင်ရာ၌ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် အပြန်အလှန် အမှီသဟဲပြုပြီး ပေါင်းစပ်လုပ်ကိုင်ကြရမှာဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရတစ်ဦးတည်း အစစတာဝန်ယူလုပ်ကိုင်နေ၍မဖြစ်ဘဲ ယင်းအင်အားသုံးရပ် ပေါင်းစည်းသည့်စွမ်းအားဖြင့်သာ လုပ်ကိုင်ဆောင်ရွက်သွားရမှာဖြစ်ကြောင်း** လမ်းညွှန်မှာကြားခဲ့သည်။

နိုင်ငံတော်က တနင်္သာရီတိုင်း ထားဝယ်ဒေသ အပါအဝင် ပြည်ထောင်စုကြီးတစ်ရပ်လုံး အကြားအလပ်မရှိ တစ်ပြိုင်တည်း မျှတစွာ ဖွံ့ဖြိုးလာရေးအတွက် ဒေသဆိုင်ရာ ဖွံ့ဖြိုးရေးစီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစီမံကိန်းတို့ကို အချိတ်အဆက်မိမိ အကောင်အထည်ဖော်လျက်ရှိရာ နေရာဒေသအနှံ့ရှိ ပြည်သူများ ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို ရရှိခံစားနေရကြောင်း မျက်ဝါးထင်ထင် တွေ့မြင်နေရပြီဖြစ်သည်။

တနင်္သာရီတိုင်းအတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရန် ကားလမ်းဟောင်းများကို အဆင့်မြှင့်တင်ခြင်း၊ ကားလမ်းသစ်များအပြင် ရထားလမ်းသစ်ကိုပါ ဖောက်လုပ်ပေးခြင်း၊ လေယာဉ်ကွင်းကြီးများကို အဆင့်မြှင့်တင် တိုးချဲ့တည်ဆောက်ခြင်းစသည့် လမ်းပန်းဆက်သွယ်မှုအခြေခံကောင်းများကို ဖန်တီးထူထောင်ပေးနေသည်။

ယခင်ခေတ်ကာလများက တနင်္သာရီတိုင်းသည် လက်နက်ကိုင်သောင်းကျန်းမှုများကြောင့် ငြိမ်းချမ်းတည်ငြိမ်မှုလည်းမရှိ၊ ငြိမ်းချမ်းတည်ငြိမ်စေရန် ထိန်းသိမ်းကာကွယ်နိုင်သည့် အင်အားလည်းမရှိခဲ့ကြောင်း တွေ့ရသည်။ ယခုအခါ နိုင်ငံတော်က တနင်္သာရီတိုင်းအတွင်း ငြိမ်းချမ်းတည်ငြိမ်မှုရရှိစေမည့် အစီအမံများ၊ လိုအပ်သည်များကို စနစ်တကျ ဖော်ဆောင်ပေးလျက်ရှိရာ ဒေသတည်ငြိမ်အေးချမ်း လုံခြုံမှုရရှိလာခြင်းနှင့် အတူ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဇောက်ချလုပ်ကိုင်လာနိုင်ပြီဖြစ်သည်။

ယခုအခါ တနင်္သာရီတိုင်းတွင် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ရေး အပါအဝင် စိုက်ပျိုးရေး၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် အခြေခံအဆောက်အအုံများစွာကို နိုင်ငံတော်က စွမ်းအားရှိသမျှ တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိရာ ဒေသခံပြည်သူများအပိုင်းကလည်း မိမိတို့ဒေသ၏ ရေမြေသဘာဝသယံဇာတ အခြေအနေပေးမှုများကို ထုတ်ယူအသုံးချနိုင်ရေး တက်တက်ကြွကြွ ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ ဒေသဖွံ့ဖြိုးတိုးတက်ရေးမှသည် နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်လုပ်ကိုင်ရာ၌ နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်တို့ အပြန်အလှန် အမှီသဟဲပြုပြီး ပေါင်းစည်းသည့်စွမ်းအားဖြင့် အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်သွားနိုင်ကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေးကြီးကြပ်ကွပ်ကဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းစည်းဝေး တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဧပြီ ၉

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ညနေ ၅ နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

အမှာစကားပြောကြား

ရန်ကုန်တိုင်းလမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ အမှာစကားပြောကြားစဉ်။
(ရန်ကုန်တိုင်း)

တက်ရောက်

အစည်းအဝေးသို့ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ စစ်ဒေသမှူးများ၊ တပ်နယ်မှူးများ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်နှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းလမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဝင်များ၊ ရန်ကုန်မြို့ရှိ တက္ကသိုလ်ကောလိပ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနမှူးများနှင့် မော်ကွန်းထိန်းများ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ရန်ကုန်မြို့တွင်း ပြေးဆွဲလျက်ရှိသည့် မော်တော်ယာဉ်လိုင်းများမှ ယာဉ်လိုင်းဥက္ကဋ္ဌများ တက်ရောက်ကြသည်။

စီမံဆောင်ရွက်

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ခရီးသွားပြည်သူများနှင့် တက္ကသိုလ်ကောလိပ်များမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ယာဉ်အန္တရာယ်ကင်းရှင်းစွာဖြင့် အဆင်ပြေစွာသွားလာနိုင်ရေးအတွက် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှု အဖွဲ့ဝင်များက စီမံဆောင်ရွက်ပေးရမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဝင်များက ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာဖြင့် အဆင်ပြေစွာသွားလာနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို လည်းကောင်း၊ ရန်ကုန်တိုင်း ကြို့မဲ့ကြေးနန်းနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်နိုင်က ယာဉ်တိုက်ခိုက်မှုနှင့် ယာဉ်မတော်တဆဖြစ်မှုများ လျော့နည်းစေရေးနှင့် ပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စနစ်တကျလိုက်နာကြစေရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း၊ ရန်ကုန်မြို့ရှိ တက္ကသိုလ်၊ ကောလိပ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ မော်ကွန်းထိန်းများနှင့် ဌာနမှူးများက ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေစွာ ပညာသင်ကြားနိုင်ရေး ကူညီဖြည့်ဆည်းပေးစေလိုသည့် အခြေအနေများကို လည်းကောင်း၊ ရန်ကုန်တိုင်းအတွင်း ပြေးဆွဲလျက်ရှိသည့် မော်တော်ယာဉ်လိုင်းများမှ ယာဉ်လိုင်းဥက္ကဋ္ဌများက ခရီးသွား ပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် မော်တော်ယာဉ်များကို CNG သဘာဝဓာတ်ငွေ့သုံး မော်တော်ယာဉ်များအဖြစ် ပြောင်းလဲတပ်ဆင်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အာဆီယံဒေသတွင်း စွမ်းအင်စီမံခန့်ခွဲသူများအား တစ်ပြေးညီ တရားဝင်အသိအမှတ်ပြုရေးအစီအစဉ်ဆိုင်ရာ ဆွေးနွေး

ရန်ကုန် ဧပြီ ၉

အာဆီယံဒေသတွင်း စွမ်းအင်စီမံခန့်ခွဲသူများအား တစ်ပြေးညီတရားဝင် အသိအမှတ်ပြုရေး အစီအစဉ်ဆိုင်ရာ ဆွေးနွေးပွဲ Seminar on ASEAN Energy Managers Accreditation Scheme(AEMAS) **ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ပြည်လမ်းရှိ စွမ်းအင်ဝန်ကြီးဌာန စွမ်းအင်စီမံရေးဦးစီးဌာန အစည်းအဝေးခန်းမ (၁)၌ ကျင်းပသည်။**

ရှေးဦးစွာ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေက အဖွင့်မိန့်ခွန်းပြောကြား၍ ဖွင့်လှစ်သည်။ ဆွေးနွေးပွဲတွင် စွမ်းအင်စီမံရေးဦးစီးဌာနမှ ပညာရှင်များက အာဆီယံဒေသတွင်း စွမ်းအင် စီမံခန့်ခွဲသူများအား တစ်ပြေးညီတရားဝင် အသိအမှတ်ပြုရေး စီမံကိန်းအစီအစဉ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆွေးနွေးပွဲသို့ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေ၊ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းအဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ စွမ်းအင်၊ လျှပ်စစ်စွမ်းအား၊ အမှတ်(၁) စက်မှုဝန်ကြီးဌာနများအောက်ရှိဦးစီးဌာန၊ လုပ်ငန်းအဖွဲ့အစည်းများနှင့် စက်ရုံများမှ ပညာရှင်၊ ကိုယ်စားလှယ်ပုဂ္ဂိုလ်များ၊ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနနှင့် ပညာရေး ဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များမှ ပညာရှင်၊ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းတို့မှ ပညာရှင်၊ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

(သတင်းစဉ်)

အထူးအယူခံခုံရုံး တရားမနှင့်ပြစ်မှုဆိုင်ရာ အထူးအယူခံမှုများ ကြားနာ

ရန်ကုန် ဧပြီ ၉

တရားသူကြီးချုပ် ဦးအောင်တိုး၊ ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုးနှင့် တရားရုံးချုပ် တရားသူကြီး ဦးချစ်လွင်တို့ ပါဝင်သော အထူးအယူခံခုံရုံးသည် ယမန်နေ့ နံနက် ၁၀ နာရီတွင် တရားရုံးချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ ပြစ်မှုဆိုင်ရာ အထူးအယူခံမှုလေးမှုနှင့် တရားမအထူးအယူခံမှု ငါးမှုကို စီရင်ချက်ချမှတ်ခဲ့သည်။ ထို့ပြင် ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေး ဥပဒေ ပုဒ်မ ၇ အရ တင်သွင်းသည့် ပြစ်မှုဆိုင်ရာ အထူးအယူခံမှု သုံးမှုကိုလည်း ရုံးထိုင်ကြားနာခဲ့သည်။

(သတင်းစဉ်)

☆ ရှေ့ဖုံးမှ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ)၊ ကာကွယ်ရေးဦးစီးချုပ် (လေ)၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံရုံး၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံရုံးနှင့် ကမ္ဘောဒီးယားနိုင်ငံ သံရုံးတို့မှ သံရုံးယာယီတာဝန်ခံများနှင့် သံရုံးအဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ပန်းစည်းပေးအပ်

ထို့အပြင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသံရုံး၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံရုံးနှင့် ကမ္ဘောဒီးယားနိုင်ငံ သံရုံးတို့မှ အမျိုးသမီးလေးများကလည်း ပန်းစည်းပေးအပ်၍ ဂါရဝပြုကြိုဆိုကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းဦးဆောင်သည့် မြန်မာ ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့် ဌာနဆိုင်ရာ အကြီးအကဲများလည်း ပြန်လည်လိုက်ပါလာကြသည်။

(သတင်းစဉ်)

လေဆိပ်တွင်ကြိုဆို

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သော နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုစဉ်။ (သတင်းစဉ်)

ကြိုဆိုနှုတ်ဆက်

လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သော နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံရုံး၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံရုံးနှင့် ကမ္ဘောဒီးယားနိုင်ငံ သံရုံးတို့မှ သံရုံးယာယီ တာဝန်ခံများနှင့် သံရုံးအဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

MRTV-4
ရုပ်မြင်သံကြားအစီအစဉ်

၁၀-၄-၂၀၀၅(တနင်္ဂနွေနေ့)

၇:၀၀	အဖွင့်ယနေ့အစီအစဉ်
၇:၀၅	သဘာဝအလှများစုဝေးရာ ပူတာအိုမြို့
၇:၁၀	ခါသကြန်အဆို၊အက
၇:၁၅	ပြည်တွင်းသတင်း
၇:၂၀	မေ့ထားလို့တော့မဖြစ်ဘူး
၇:၄၅	ခါသကြန်အဆို၊ အက
၇:၅၀	Sunday Talk
၈:၄၅	ခါသကြန်အဆို၊ အက
၈:၅၀	အင်းတော်ကြီးကန် စိမ်းလန်းစိုပြည်ရေး
၉:၀၀	နိုင်ငံတကာသတင်း
၉:၀၅	ရေတ်ကောင်းသီးနှံပျိုးထောင်စိုက်ပျိုးနည်း
၉:၁၅	မိုးလေဝသခန့်မှန်းချက်
၉:၂၀	တေးဂီတအစီအစဉ်
၉:၂၅	မအီချောင်းတံတား
၉:၃၀	ပြည်တွင်းသတင်း
၉:၃၅	လွယ်ကူသက်သာမြန်မာ့ဟင်းလျာဟင်းချက်နည်း
၁၀:၀၀	ခါသကြန်အဆို၊အက
၁၀:၀၅	နိုင်ငံတကာသတင်း
၁၀:၁၅	တေးဂီတအစီအစဉ်
၁၀:၂၀	မိုးလေဝသခန့်မှန်းချက်
၁၀:၂၅	ဝါသနာရှင်စင်မြင့်(သကြန်အထူး)
၁၁:၀၀	အပိတ်

အထက်ပါ (၄)နာရီစာ အစီအစဉ်များကို ည (၂၃:၀၀) နာရီအထိ လေးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်သည်။

နှစ်(၆၀)ပြည့် တပ်မတော်နေ့ဂုဏ်ပြု ရုပ်မြင်သံကြားဇာတ်လမ်း ပါဝင်ကူညီခဲ့ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဧပြီ ၉

နှစ် (၆၀)ပြည့် တပ်မတော်နေ့ဂုဏ်ပြု "သူရဲကောင်းများထွန်းကားသည်" ရုပ်မြင်သံကြားဇာတ်လမ်းတွင် ပါဝင်ကူညီခဲ့ကြသော အနုပညာရှင်များနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိသူများအား ဂုဏ်ပြုညေ့ခံပွဲကို ယမန်နေ့ည ၇နာရီတွင် ရန်ကုန်မြို့ ကရဝိက်နန်းတော်ဟိုတယ် ဥတ္တရဆောင်၌ကျင်းပရာ စစ်ဦးစီးအရာရှိချုပ် (ရေ) ဗိုလ်မှူးချုပ်ဉာဏ်ထွန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးစိန်တင်နှင့် တာဝန်ရှိသူများ၊ နှစ် (၆၀)ပြည့် တပ်မတော်နေ့ဂုဏ်ပြု "သူရဲကောင်းများ ထွန်းကားသည်" ရုပ်မြင်သံကြားဇာတ်လမ်းတွင် ပါဝင်ကူညီခဲ့ကြသော အနုပညာရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

လက်ဆောင်ပေးအပ်

အစီအစဉ်အရ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့်က ဂုဏ်ပြုအမှာစကားပြောကြားပြီးနောက် ဂီတပညာရှင် ဂီတလုလင်ဦးကိုကို၊ ဒါရိုက်တာ ပန်းချီစိုးမိုးနှင့် ဇာတ်ညွှန်းဦးငြိမ်းမင်းတို့အား ဂုဏ်ပြုလက်ဆောင်များ အသီးသီးပေးအပ်သည်။

ဆက်လက်၍ စစ်ဦးစီးအရာရှိချုပ် (ရေ) ဗိုလ်မှူးချုပ်ဉာဏ်ထွန်းနှင့် တပ်မတော်အရာရှိကြီးများက မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိသူများနှင့် နှစ် (၆၀)ပြည့် တပ်မတော်နေ့ဂုဏ်ပြု ရုပ်မြင်သံကြားဇာတ်လမ်းတွင် ပါဝင်ကူညီခဲ့ကြသော အနုပညာရှင်များအား ဂုဏ်ပြုလက်ဆောင်များ အသီးသီးပေးအပ်ကြသည်။

ထို့နောက် တက်ရောက်လာကြသော အနုပညာရှင်များကိုယ်စား ဒါရိုက်တာ ပန်းချီစိုးမိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

စာအုပ်များ ပေးအပ်လှူဒါန်း

ရန်ကုန် ဧပြီ ၉

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဓမ္မသုခကျောင်းတိုက် အောင်သိဒ္ဓိကျောင်း စာချကထိက အာဂုံဆောင်ကျမ်းများ ကျမ်းပြုအရှင်စန္ဒဓောတိ (ပါဠိပါရဂူ-ပိဋကတစ်ပုံဆောင်)စီစဉ်တည်းဖြတ်၍ အရှင်ကုမာရ (စစ်ကိုင်းတောင်တန်း) ရေးသားသော အစွမ်းထက်ဂါထာများနှင့် အံ့ဖွယ်ဖြစ်ရပ်ဆန်းစာအုပ်များကို ဧပြီ ၆ရက်တွင် အရှင်စန္ဒဓောတိက တပ်ကုန်းမြို့နယ် စာကြည့်တိုက်များသို့ ပေးပို့လှူဒါန်းရာ စာကြည့်တိုက်မှူးကိုယ်စား စာရေးဆရာစျာန်ရဲထက်က လက်ခံရယူကြောင်း သိရသည်။

(က-ပ)

အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ဉာဏ်ရည်ပြိုင်ပွဲ ပုသိမ်မြို့၌ ကျင်းပမည်

ရန်ကုန် ဧပြီ ၉

မြန်မာနိုင်ငံ ဆရာဝန်အသင်း (ဗဟို) အထွေထွေရောဂါကု ဆရာဝန်များအဖွဲ့နှင့် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) FHAMအစီအစဉ်တို့ပူးပေါင်း၍ အသက် ၁၅နှစ်မှ ၂၄နှစ်အတွင်း လူငယ်များအတွက် "အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ် ဉာဏ်ရည်ပြိုင်ပွဲ (ပုသိမ်မြို့)" ကို "လူငယ်စွမ်းအား ပိုမြင့်မား၊ တားဆီးတိုက်ဖျက် အေအိုင်ဒီအက်စ် (Youth Smarter than AIDS)" ခေါင်းစဉ်ဖြင့် ဧပြီ ၂၇ ရက်နှင့် ၂၈ရက်များတွင် ပုသိမ်မြို့ မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမ (ဆေးရုံဝင်း၊ သံဃာဆောင်အနီး)၌ ကျင်းပမည်ဖြစ်ပြီး ပထမဆု ငွေကျပ်တစ်သိန်း၊ ဒုတိယဆု ငွေကျပ် ခုနစ်သောင်း၊ တတိယဆု ငွေကျပ်ငါးသောင်းနှင့် နှစ်သိမ့်ဆုသုံးဆု ငွေကျပ်နှစ်သောင်းစီကို ထိုက်တန်စွာ ချီးမြှင့်သွားမည်ဖြစ်သည်။

ယင်းပြိုင်ပွဲသို့ ဧရာဝတီတိုင်းအတွင်းမှ စိတ်ပါဝင်စားသူ လူငယ်များသည် ဧပြီ ၂၂ရက် နံနက် ၁၀နာရီမှ မွန်းတည့် ၁၂နာရီအတွင်း အဆိုပါခန်းမ၌ မှတ်ပုံတင်ကတ်ပြား (သို့မဟုတ်) ကျောင်းသားကတ်ပြားပြ၍ စာရင်းသွင်းနိုင်သည်။ ပြိုင်ပွဲဝင်ဦးရေ ၁၀၀သာ လက်ခံမည်ဖြစ်ပြီး စာရင်းသွင်းသည့်အချိန်တွင် လေ့လာရန်သတ်မှတ်ထားသော စာအုပ်စာတမ်းများနှင့် မိုငြမ်းပြုပစ္စည်းများကို ထုတ်ယူရရှိနိုင်သည်။

အသေးစိတ် အချက်အလက်များကို သိရှိလိုပါက မြန်မာနိုင်ငံ ဆရာဝန်အသင်း အထွေထွေရောဂါကု ဆရာဝန်များအဖွဲ့ ဖုန်း ၀၁-၃၇၈၈၆၃၊ ၀၁-၃၈၀၈၉၉၊ ၀၉၈၀-၂၁၈၀၂သို့လည်းကောင်း၊ ဒေါက်တာစိုးဝင်း အထွေထွေရောဂါကု ဆရာဝန်များအဖွဲ့ (ပုသိမ်) ဖုန်း ၀၄၂-၂၂၃၀၈၄ သို့ လည်းကောင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။

(သတင်းစဉ်)

အာရှနိုင်ငံများ၏ အသားတင်ထုတ်လုပ်မှုတန်ဖိုး ၂၀၀၄ ခုနှစ်တွင် ၇ဒသမ ၃ ရာခိုင်နှုန်း တိုးတက်ခဲ့

မနီလာ ဧပြီ ၈

၁၉၉၇-၉၈ ခုနှစ်တွင် အာရှဘဏ္ဍာရေး အကျပ်အတည်း ကပ်ဘေးဆိုက်ရောက်မှု တွေ့ကြုံခဲ့ရပြီးချိန်နောက်ပိုင်း အာရှဒေသရှိ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးမှု စွမ်းဆောင်ရည်သည် ၂၀၀၄ ခုနှစ်တွင် အမြင့်ဆုံးအဆင့်သို့ ရောက်ရှိခဲ့ကြောင်း၊ အာရှဒေသ၏ တစုတပေါင်းတည်းသော ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုး(ဂျီဒီပီ)သည် ၇ ဒသမ ၃ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်(အေဒီဘီ)က ဗုဒ္ဓဟူးနေ့တွင် ထုတ်ပြန်ကြေညာသည်။

အလားအလာ

အာရှနိုင်ငံများ၏ စီးပွားရေးသည် ၂၀၀၅-၂၀၀၇ ခုနှစ်တွင် အရှိန်အဟုန်မြင့်မားစွာတိုးတက်နေမည်ဖြစ်ကြောင်း၊ အာရှဒေသ ပြင်ပရှိနိုင်ငံများတွင် စီးပွားရေးအခြေအနေ အခွင့်အလမ်းကောင်းများ ပေါ်ထွန်းလာခြင်းနှင့်အတူ အာရှနိုင်ငံအများစု၏ စီးပွားရေး တိုးတက်မှုနှုန်း မြင့်မားတိုးတက်လာမည်ဖြစ်ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်က ထုတ်ပြန်သည့် အာရှဖွံ့ဖြိုးရေး အလားအလာ(၂၀၀၅ ခုနှစ်)ဟူ၍ အမည်ပေးထားသော အစီရင်ခံစာတွင် ဖော်ပြထားသည်။

အာရှဒေသတွင် ပြည်တွင်း ဝယ်လိုအား တိုးတက်လာခြင်းနှင့် ဒေသတွင်းနိုင်ငံများ၏ အပြန်အလှန် ကုန်သွယ်မှုခိုင်မာလာခြင်းတို့ကြောင့်၂၀၀၅-၂၀၀၇ ခုနှစ်ကာလအတွင်း စီးပွားရေးတိုးတက်မှုနှုန်း ၆ ဒသမ ၅ ရာခိုင်နှုန်းမှ ၆ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်မည်ဟု မျှော်မှန်းရကြောင်း အေဒီဘီ၏ နှစ်ဝက်ကာလတွင် ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြထားသည်။

တိုးတက်

ပစိဖိတ်ဒေသ ဖွံ့ဖြိုးဆဲနိုင်ငံများမှအပ အာရှဒေသရှိ ဖွံ့ဖြိုးဆဲနိုင်ငံအားလုံးနီးပါးသည် ၂၀၀၄ ခုနှစ်တွင် ၅ ရာခိုင်နှုန်းကျော် စီးပွားရေး တိုးတက်ခဲ့ကြောင်း၊ အာရှနိုင်ငံများအနက် စီးပွားရေး စွမ်းဆောင်ရည် အမြင့်မားဆုံး နိုင်ငံများမှာ တရုတ်၊ အိန္ဒိယ၊ ကာဇက်စတန်၊ မလေးရှား၊ စင်ကာပူ၊ ဥဇဘက်ကစ္စတန်နှင့် ဗီယက်နမ်တို့ဖြစ်ကြကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



ဂျပန်နိုင်ငံ ဆိုနီကော်ပိုရေးရှင်းမှ ထုတ်လုပ်သော ဘောလုံးကန်နိုင်သည့် စက်ရုပ်ကို ဧပြီ ၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဆူဒန်ဆိုင်ရာ ညီလာခံသို့ ကိုဖီအာနန်တက်မည်

စတော့ဟုမ်း ဧပြီ ၇

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်သည် ဆူဒန်နိုင်ငံဆိုင်ရာ နိုင်ငံတကာညီလာခံတစ်ရပ်သို့ တက်ရောက်မည်ဖြစ်ကြောင်းနော်ဝေအသံလွှင့်ဌာနက တနင်္လာနေ့တွင် သတင်းထုတ်လွှင့်သည်။

နော်ဝေနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့်အဆိုပါညီလာခံကို အော်စလိုမြို့တွင်ဧပြီ၁၁ ရက်မှ၁၂ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း၊ နိုင်ငံတကာညီလာခံ၏ ရည်ရွယ်ချက်မှာ ဆူဒန်နိုင်ငံ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးအတွက် ကမ္ဘာ့နိုင်ငံများက အကူအညီပေးလာစေရေးအတွက် တိုက်တွန်းနှိုးဆော်ရန်ဖြစ်သည်။

ဆူဒန်အစိုးရနှင့် အက်စ်ပီအယ်လ်အမ် သူပုန်အဖွဲ့တို့၏ ငြိမ်းချမ်းရေးသဘောတူညီချက်ကို နှစ်ဖက်စလုံးက လေးစားလိုက်နာစေရေးအတွက် ဆူဒန်ပြန်လည်ထူထောင်ရေးဆိုင်ရာ နိုင်ငံတကာ ညီလာခံက အထောက်အကူပေးမည် ဖြစ်သည်။

ဆူဒန်နိုင်ငံဆိုင်ရာ နိုင်ငံတကာညီလာခံသို့ တက်ရောက်ရန် အာရပ်နိုင်ငံများကိုလည်း ဖိတ်ခေါ်မည် ဖြစ်ကြောင်း နော်ဝေနိုင်ငံခြားရေးဌာနက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

လွတ်လပ်သောကုန်သွယ်မှု သဘောတူညီချက်ရရှိရေး ဂျပန်နှင့်ထိုင်း ဆွေးနွေးပွဲများ ဆက်လက်ကျင်းပ

တိုကျို ဧပြီ ၇

နှစ်နိုင်ငံစလုံး အကျိုးကျေးဇူးရှိစေမည့် လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးနိုင်ရန် ဂျပန်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ စေ့စပ်ဆွေးနွေးမှုများ ဆက်လက်ပြုလုပ်နေကြောင်း ဂျပန် စီးပွားရေး၊ ကုန်သွယ်ရေးနှင့်စက်မှုလုပ်ငန်း ဒုတိယဝန်ကြီးဟီဒေးဂျီဆူဂီယာမက တနင်္လာနေ့တွင် ပြောကြားသည်။

ကြိုးပမ်း

ဂျပန်နှင့်ထိုင်းနိုင်ငံတို့သည်လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်ရရှိရန် ကြိုးပမ်းလျက်ရှိသော်လည်း သံမဏိနှင့်မော်တော်ယာဉ်အစိတ်အပိုင်းထုတ်လုပ်ရေး လုပ်ငန်းကဲ့သို့သော လုပ်ငန်းနယ်ပယ်များ၌ သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်နေဆဲဖြစ်သည်။

အရေးပါ

ဂျပန်နိုင်ငံအတွက် ထိုင်းနိုင်ငံနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ပြုလုပ်ရေးမှာ လွန်စွာအရေးပါလှကြောင်း၊ နှစ်နိုင်ငံလွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်သည် နှစ်ဖက်စလုံးအတွက်အရေးပါကြောင်း၊ယင်းသဘောတူညီချက် စောစီးစွာရရှိရန် လိုအပ်ကြောင်း သတင်းစာ ရှင်းလင်းပွဲတွင် ဆူဂီယာမက ပြောကြားသည်။

ကျင်းပ

ဂျပန်နှင့်ထိုင်းနိုင်ငံတို့သည်လွတ်လပ်သော ကုန်သွယ်မှု ထူထောင်ရေး ဆွေးနွေးပွဲများ၏ သတ္တမအကြော့ ဆွေးနွေးပွဲကို ထိုင်းနိုင်ငံတွင် မကြာမီက လေးရက်ကြာကျင်းပခဲ့သည်။ ဒုတိယဝန်ကြီးအဆင့် တက်ရောက်သည့် အဆိုပါ ဆွေးနွေးပွဲတွင် စိုက်ပျိုးမွေးမြူရေးကဏ္ဍနှင့် ပတ်သက်၍ အခြေခံ သဘောတူညီချက်များ ရရှိခဲ့သည်။ သို့ရာတွင် စက်မှုလုပ်ငန်းမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများကဏ္ဍနှင့် ပတ်သက်၍ သဘောကွဲလွဲမှုများ ဖြစ်ပေါ်ခဲ့သည်။

ကြိုးပမ်း

သံမဏိနှင့်မော်တော်ယာဉ် အစိတ်အပိုင်းများအပေါ် အကောက်ခွန်ဖြတ်တောက်လျှော့ချမှု ပြုလုပ်ရန် ဂျပန်နိုင်ငံက ကြိုးပမ်းခဲ့သော်လည်း ထိုင်းနိုင်ငံက လက်ခံခြင်းမရှိပေ။

အမ်အင်အေ၊ဆင်ဟွာ။

အာဖဂန်နစ္စတန်ပြန်လည်ထူထောင်ရေးကူညီရန် ကမ္ဘာ့နိုင်ငံများအားသမ္မတကာဇိုင်းတိုက်တွန်း

ကဘူး ဧပြီ ၇

မိမိနိုင်ငံ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ် အရှိန်အဟုန် သွက်လက်လာစေရေးအတွက် ကမ္ဘာ့နိုင်ငံများက ပိုမိုကူညီကြရန် အာဖဂန်နစ္စတန်သမ္မတဟာမစ်ကာဇိုင်းက တနင်္လာနေ့တွင် တိုက်တွန်းလိုက်သည်။

လိုအပ်

အာဖဂန်ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်စေရေးအတွက် အစိုးရအဖွဲ့နှင့် အခြားသော အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများ၏ စွမ်းပကား မြှင့်တင်ပေးနိုင်ရန် ကမ္ဘာ့နိုင်ငံများက အကူအညီဆက်လက်ပေးသင့်ကြောင်း၊ အာဖဂန်နစ္စတန်နိုင်ငံတွင် အလွန်အမင်း လိုအပ်နေသော အခြေခံ ဝန်ဆောင်မှုလုပ်ငန်းများအတွက် အထောက်အကူပေးကြရန် လိုအပ်ကြောင်း ကာဇိုင်းက မြို့တော်ကဘူးတွင် ဖွင့်လှစ်လိုက်သော အာဖဂန်နစ္စတန် ဖွံ့ဖြိုးရေးဖိုရမ်တွင် မိန့်ခွန်းပြောကြားရာ၌ တိုက်တွန်းလိုက်သည်။

ထောက်ခံမှုပေး

စစ်ကြောင့် ပြိုကွဲခဲ့ရသော အာဖဂန်နစ္စတန်နိုင်ငံအတွက် ကမ္ဘာ့အသိုက်အဝန်းက ထောက်ခံမှုပေးခဲ့ကြသဖြင့် နိုင်ငံပြန်လည်တည်ဆောက်ရေးနယ်ပယ်ကဏ္ဍအသီးသီး၌ တိုးတက်မှုများ ရရှိအောင် မိမိတို့အစိုးရက ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ကြောင်း သမ္မတကာဇိုင်းက ပြောကြားသည်။

တိုးတက်

လွန်ခဲ့သည့်သုံးနှစ်တာကာလအတွင်း အာဖဂန်နစ္စတန်နိုင်ငံသည် နိုင်ငံတကာအသိုက်အဝန်း၏ ပူးပေါင်းဆောင်ရွက်မှုနှင့်အတူ နိုင်ငံပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို လုပ်ဆောင်ခဲ့ရာ သိသာသော တိုးတက်မှုများ ရရှိခဲ့ကြောင်း၊ နိုင်ငံပြန်လည်ထူထောင်ရေး၏ အခြေခံဖြစ်သော ငြိမ်းချမ်းမှုဖြစ်ပေါ်ရန် လုံခြုံရေးအခြေအနေ တိုးတက်စေရေးအတွက် လုပ်ဆောင်နိုင်ခဲ့ကြောင်း၊ အာဖဂန်နစ္စတန်နိုင်ငံရှိ အကြမ်းဖက်အင်အားစုများကို ချေမှုန်းနိုင်ခဲ့ကြောင်း သမ္မတကာဇိုင်းက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အဘူဂါရိပ် အနောက်ဘက်အရပ်တွင် လမ်းဘေးဗုံးထိမှန်ခံရသဖြင့် မီးလောင်နေသော အမေရိကန် သံချပ်ကာယာဉ်တစ်စီးကို ဧပြီ ၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဗီယက်နမ်တွင် ကုန်စည်ပြပွဲဖွင့်လှစ် ကမ္ဘာ့တစ်လွှားမှ ကုမ္ပဏီ ၅၀၀ ပါဝင်ပြသ

ဟနွိုင် ဧပြီ ၈

(၁၅)ကြိမ်မြောက် ဗီယက်နမ်အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲကို ဗီယက်နမ်နိုင်ငံတွင် ဗုဒ္ဓဟူးနေ့က ဖွင့်လှစ်ခဲ့သည်။ အမေရိက၊ ဥရောပ၊ အာရှမှ နိုင်ငံခြားကုမ္ပဏီများနှင့်ဗီယက်နမ်နိုင်ငံမှ ကုမ္ပဏီ ၅၀၀ တို့ ပါဝင်ပြသကြသည်။

ငါးရက်ကြာကျင်းပ

၂၀၀၅ ဗီယက်နမ် အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲ ပြုလုပ်ခြင်းသည် နိုင်ငံပေါင်းများစွာမှ ထုတ်ကုန်ပစ္စည်းများ ပြသရန် အခွင့်အလမ်းများ ရရှိကြသည်။ ထို့မျှသာမက နည်းပညာပိုင်းဆိုင်ရာ တိုးတက်အောင်မြင်မှုများကို လေ့လာသိရှိခွင့်ရရှိပြီး အပြည်ပြည်ဆိုင်ရာဒေသများနှင့် စီးပွားရေး ရေရှည်လုပ်ကိုင် ဆောင်ရွက်လာနိုင်မည် ဖြစ်သည်ဟု ဗီယက်နမ်နိုင်ငံ ကုန်သွယ်ရေးဒုတိယဝန်ကြီး လောင်ဗန်ထူက ငါးရက်ကြာ ကျင်းပမည့် အဆိုပါ ကုန်စည်ပြပွဲဖွင့်ပွဲ၌ ပြောကြားခဲ့သည်။

ဆွေးနွေး

အဆိုပါပြပွဲကာလအတွင်းတွင်ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တွင်းသို့ ဝင်ရောက်နိုင်ရေး ပူးပေါင်းမှု အစီအစဉ်များ၊ ကုမ္ပဏီများ၏ ပါဝင်ယှဉ်ပြိုင်နိုင်စွမ်းအား မြှင့်တင်မှုနည်းလမ်းများစသည့် အကြောင်းအရာများကိုစီးပွားရေးဆိုင်ရာ အစည်းအဝေးများတွင်ဆွေးနွေးကြမည်ဖြစ်သည်။ ထို့အပြင် ကုန်အမှတ်အသားတံဆိပ်ဆိုင်ရာလုပ်ငန်းများနှင့်ကုန်ပစ္စည်းအတု တိုက်ဖျက်နိုင်ရေးကိစ္စရပ်များကိုပါဆွေးနွေးသွားကြမည်ဟုဆိုသည်။

တရုတ်၊ ဂျပန်၊ ချက်နှင့် ကျူးဘားစသည့် နိုင်ငံပေါင်း ၁၁ နိုင်ငံနှင့် ဒေသဆိုင်ရာ ကုမ္ပဏီများက ပြပွဲတွင် ပါဝင်ပြသကြသည်။ အဆိုပါ ကုမ္ပဏီများမှာ စားသောက်ကုန်၊ ပရိဘောဂ၊ အီလက်ထရွန်းနစ်ပစ္စည်းများ၊ သတင်းနည်းပညာများ၊ ဖက်ရှင်၊ အဝတ်အစားများ စက်ပိုင်းပစ္စည်း ကိရိယာဆိုင်ရာများနှင့် ဆောက်လုပ်ရေးပစ္စည်းများ ပြသကြမည်ဖြစ်သည်။

ယခင် ၂၀၀၄ ဗီယက်နမ် အပြည်ပြည်ဆိုင်ရာ ကုန်ပစ္စည်းပြပွဲတွင် နိုင်ငံပေါင်း ၂၀ နိုင်ငံနှင့်ဒေသများမှ ကုမ္ပဏီ ၅၆၈ ခု ပါဝင်ပြသခဲ့ကြပြီး ကုန်ထုတ်ကိုက်စာချုပ်များ ချုပ်ဆိုခဲ့ရာ အမေရိကန်ဒေါ်လာ စုစုပေါင်း ၂၅၃ သန်းဖိုးအထိ ရှိခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကင်ညာပညာရေးအတွက် ကနေဒါထောက်ပံ့

နိုင်ရိုဘီ ဧပြီ ၆

ကနေဒါနိုင်ငံသည် ကင်ညာနိုင်ငံ၏ ပညာရေးကိုပံ့ပိုးသည့်အနေဖြင့်ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၁၂ သန်း ကြာသပတေးနေ့တွင် ခွင့်ပြုလိုက်သည်။

၂၀၁၅ ခုနှစ်ထက် နောက်မကျဘဲ ကလေးအားလုံး မသင်မနေရ မူလတန်းပညာ အခမဲ့သင်ကြားခွင့် ရရှိရေးကို ဦးတည်သည့် ထောင်စုနှစ် ဖွံ့ဖြိုးရေး ရည်မှန်းချက်များ ပေါက်မြောက်အောင် ကနေဒါနိုင်ငံအနေဖြင့် တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ရိုဘီမြို့တွင် ကင်ညာဘဏ္ဍာရေးဝန်ကြီး ဒေးဗစ်ဝီရာရီယာနှင့် နားလည်မှု စာချွန်လက်မှတ်ရေးထိုးသည့် အခမ်းအနားတွင် ကနေဒါ သံအမတ်ဂျင်ဝေါက ပြောကြားသည်။

အခမဲ့မူလတန်းပညာရေးရန်ပုံငွေကို မူလတန်းကျောင်းများအတွက်သင်ကြားရေး အထောက်အကူပြု ပစ္စည်းများ ဝယ်ယူရာတွင် လည်းကောင်း၊ ဆရာများ လက်စွဲသင်ရိုးညွှန်းတမ်း စာအုပ်များ ပုံနှိပ်ရာတွင်လည်းကောင်း သုံးစွဲမည်ဖြစ်ကြောင်းဝီရာရီယာကပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အလှူရှင် ကျန်းမာရွှင်လန်း ချမ်းမြေ့ပါစေ

ပခုက္ကူဦးအုံးဖေ

၂၀၀၅ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့ နံနက်စောစော။ ရန်ကုန်မှ မန္တလေးလမ်းအတိုင်း မြင်းခြံသို့ ဆလွန်းကားလေးဖြင့် ထွက်လာကြသည်။ အတူပါသူများမှာ ဦးတင့်ဆွေ(မလေးဆေးလိပ်ရုံ ပိုင်ရှင်)၊ ဦးအောင်သန်း (ဆန်ကုန်သည်ကြီး)နှင့် ဦးသိန်းခိုင်ဦးတို့ဖြစ်သည်။ ဦးသိန်းခိုင်ဦးသည် (၃၄)နှစ် လူပျိုကြီး ဖြစ်သည်။ စာအလွန်ဖတ်သဖြင့် နိုင်ငံတကာဗဟုသုတနှင့် လုပ်ရည်ကိုင်ရည်ရှိသူဖြစ်၏။

ကျွန်တော်သည် မော်တော်ကားဖြင့် မိုင်ပေါင်းများစွာ ခရီးသွားလာရာတွင် ပတ်ဝန်းကျင်ကို လေ့လာကြည့်ရှုပါသည်။ ကားလမ်းဘေးရှိ နွေစပါးခင်းများနှင့် ဟင်းသီးဟင်းရွက်ခင်းများမှာ နှင်းပက်ဖျန်းထားသည့် အတွက် လန်းဆန်းတက်ကြွလျက်ရှိသည်။ နွေစပါးစိုက်ခြင်းလုပ်ငန်းကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက်မှစတင်ခြင်းဖြစ်၏။ နိုင်ငံတော်အစိုးရ၏ အဘက်ဘက်မှ အားပေးမြှင့်တင်ဆောင်ရွက်မှုကြောင့် အောင်မြင်လာခြင်းဖြစ်၏။

နံနက် ၁၁ နာရီခွဲအချိန်တွင် တောင်ငူမြို့သို့ ရောက်သည်။ တောင်ငူသည် သမိုင်းဝင်ခရိုင်မြို့ကြီး ဖြစ်သည်။ တောင်ငူဘုရင် တပင်ရွှေထီးသည် ရဲစွမ်းသတ္တိရှိသည့် ဘုရင်တစ်ပါးဖြစ်သည်။ ပထမမြန်မာနိုင်ငံကို တည်ထောင်သူ ပုဂံ အနော်ရထာဘုရင်လို စည်းလုံးညီညွတ်သည့် ဒုတိယမြန်မာနိုင်ငံကို တည်ထောင်လိုသူဖြစ်၏။ ပေါ်တူဂီလူမျိုး ဆက်သသည့်အရက်ကို သောက်ရာက အရက်စွဲလမ်းကာ နေ့မီးမစဲ၊ ညမီးမစဲ အရက်သောက်လေသည်။ တစ်ခါသော် အရက်မူးပြီး စက်တော်ခေါ်ရာတွင် စစ်တောင်းစားသမိန်စောထွတ် လုပ်ကြံ၍ နတ်ရွာစံရလေသည်။

ထို့ပြင် တောင်ငူမြို့သည် ရတုဘုရင် နတ်သျှင်နောင်၏ ဇာတိမြို့ဖြစ်သည်။ နတ်သျှင်နောင်သည် ရာဇဓာတုကလျာနှင့် လက်ထပ်ကာ တောင်ငူထီးနန်းကို စံမြန်းခဲ့သူဖြစ်၏။ ဓာတုကလျာနှင့် လက်မထပ်မီ ဓာတုကလျာ ချောမောလှပသည့်အကြောင်း ရတုပုဒ်ပေါင်းများစွာ ရေးဖွဲ့ခဲ့ရာတွင် **"တင့်လှ ပေဟန်၊ ဖက်မရန် တည့်၊ ခြောက်တန်နတ်ရွာ၊ ဘုံကလာသို့"** ဟူ၍ သူမြတ်နိုးသည့် ဓာတုကလျာသည် နတ်ပြည်ခြောက်ထပ်မှ ဆင်းသက်လာသည့် နတ်သမီးလားဟုပင် ထင်မှားဝိုးဝါးနေကြောင်း ရသမြောက်အောင် ရေးဖွဲ့နိုင်စွမ်းရှိသူဖြစ်၏။

နယ်ချဲ့ကျူးကျော်ရေးသမား သန်လျင်မြို့စား ပေါ်တူဂီလူမျိုး ငဇင်ကာသည် တောင်ငူကိုတိုက်ရာ ညီတော် အိမ်ရှေ့ဥပရာဇာကျပြီး၊ နတ်သျှင်နောင်ကို သန်လျင်သို့ ခေါ်သွားလေသည်။ တိုင်းတစ်ပါးသား၏ ကျူးကျော်မှုကို လက်မခံသော အင်းဝဘုရင် အနောက်ဘက်လွန်မင်းတရားကြီးသည် ရေကြောင်းချီတက်ပြီးသန်လျင်ကို တိုက်ခိုက်ရာ သန်လျင်မြို့နှင့် ငဇင်ကာ၊ နတ်သျှင်နောင်တို့ကို ဖမ်းဆီးရမိလေသည်။ တိုင်းတစ်ပါးသား နယ်ချဲ့နှင့် လူပေါင်းမှားခဲ့သည့် နတ်သျှင်နောင်ကို ငဇင်ကာနှင့် အတူ သန်လျင်မြို့တွင် ကွပ်မျက်ခဲ့လေသည်။ ငဇင်ကာသည် ဘုရားများနှင့် ဂူကျောင်း ပုထိုးများကို ဖျက်ဆီးခဲ့သူဖြစ်၏။

တောင်ငူမြို့တွင် ယနေ့ကာလ၌ အလှူဒါနနှင့် စပ်လျဉ်း၍ ထင်ပေါ်ကျော်ကြားသည့် အမျိုးသမီးကြီး တစ်ဦးရှိသည်။ ၎င်းမှာ လှူရာတန်းရာတွင် အလွန်ရက်ရောသည့် "ရွှေနှင်းဆီ" ဆေးလိပ်ရုံပိုင်ရှင် ဒေါ်အုန်းခင်ဖြစ်သည်။ နိုင်ငံတော်အစိုးရက ချီးမြှင့်သည့်ဘွဲ့တံဆိပ် (သီရိသုဓမ္မသီင်္ဂိ ဘွဲ့နှင့် အဂ္ဂမဟာသီရိသုဓမ္မသီင်္ဂိ) ဘွဲ့ ရရှိသူဖြစ်သည်။ လူချင်းမတွေ့ဖူး ၊မမြင်ဖူးသော်လည်း အသက်အရွယ်နှင့် ကျန်းမာရေးကိုသိလို၍ ဝင်ရောက်နှုတ်ဆက်ဖြစ်သည်။ ကျွန်တော် လာရောက်နှုတ်ဆက်သည်ကို ဝမ်းသာသည့် လက္ခဏာရှိပါသည်။ မွေ့ရာပါးပါးပေါ်တွင် ပုဆစ်တုပ်ထိုင်လျက်ရှိသည်။ "ကျွန်တော်ပခုက္ကူ အုံးဖေပါ" ပြောလျက် နှုတ်ဆက်ပါသည်။

"အသက်ဘယ်လောက်ရှိပြီလဲ"

"(၈၅) နှစ်ပါ"

"ဦးအုံးဖေအသက်ကိုလည်း သိပါရစေ"

"ကျွန်တော်က (၈၈) နှစ်ပါ"

"ကျန်းမာရေးတကယ်ကောင်းတာပဲနော်"

ဒေါ်အုန်းခင်သည် ကျွန်တော့်ထက် အသက်လေးနှစ်နီးပါး ငယ်ပါသည်။

"အသက်ကြီးလျှင် အစားအသောက် ဆင်ခြင်သင့်တယ်။စားကောင်းတိုင်းမစားပါနဲ့။နည်းနည်းနည်းနည်းတစ်နေ့ ၄-၅ ခါစားသင့်ပါတယ်။ ပြီးတော့လှုပ်ရှားနေရမယ်။ မစီးတဲ့ရေဟာ ရေညှိတက်သလို၊ လှုပ်ရှားမှု မရှိတဲ့လူဟာလည်း ရောဂါများတတ်ပါတယ်။ တိုက်အပေါ်ထပ်မှာ လမ်းလျှောက်ရင် ပိုကောင်းပါတယ်"ဟု ကျွန်တော်က အကြံပေးလိုက်မိသည်။

ဒေါ်အုန်းခင်က "ကျေးဇူးတင်ပါတယ်"ဟုပြောကာ အနီးရှိ လူငယ်တစ်ဦးကို ငွေ ၁၀ သိန်းယူခဲ့ရန် ပြောလျက်-

"ဦးအုံးဖေ စာကြည့်တိုက်အတွက်လှူမယ်"ဟု ဆိုပါသည်။

ကျွန်တော်၏ စာကြည့်တိုက်သက်တမ်း ၁၀ နှစ်အတွင်း ငွေလှူသူများတွင် သုံးသိန်း လှူသူနှစ်ဦးနှင့် ငါးသိန်းလှူသူနှစ်ဦး ရှိပါသည်။ ယခုဒေါ်အုန်းခင် လှူငွေသည် အများဆုံးဖြစ်ပါသည်။ **(အပေါ်ယာပုံ)**

"ကျွန်တော်အလှူခံလာတာ မဟုတ်ပါဘူး၊ဒေါ်အုန်းခင်ကို မတွေ့ဖူးလို့ တွေ့ချင်တယ်၊ ပြီးတော့ ကျန်းမာရေးကိုလည်း သိချင်လို့ပါ"

"ကျွန်မကလည်း ဦးအုံးဖေနှင့်တွေ့ရလို့ လှူဖြစ်တာဝမ်းသာပါတယ်"

ဤသို့ဖြင့် ဒေါ်အုန်းခင်တို့ မိသားစုကို နှုတ်ဆက်ကာ ထွက်လာကြပါသည်။ မြို့အထွက် လမ်းအရှေ့ဘက်တွင် စားသောက်ဆိုင်တစ်ခုရှိသည်။ ကြီးမားကျယ်ဝန်းသည်။ သန့်ရှင်းသည်။ ကြက်သား အစိမ်းကြော်တစ်ပွဲ၊ ကြက်သားကုန်းဘောင်ကြီးကြော်တစ်ပွဲ၊ ငါးချိုချဉ်ကြော် တစ်ပွဲဖြင့် ထမင်းစားကြသည်။ ဆာလောင်လို့လား၊ ဟင်းလျာကောင်းလို့လားမသိ စားလို့မြိန်ယှက်လှသည်။ ငါးချိုချဉ်ကြော်မှာ အကောင်းဆုံးဖြစ်သည်။

ည ၈ နာရီအချိန် မြင်းခြံမြို့ ဦးမြင့်သူ-ဒေါ်ချိုချိုသင်းတို့၏ နဂါးနီဆေးလိပ်အလုပ်ရုံသို့ ရောက်သည်။ ၁၆ နာရီကျော်ကားစီးလာရသဖြင့်စကားပင်မပြောနိုင်။တန်းလျားပေါ်တွင်လှဲအိပ်လိုက်ရသည်။ ကျွန်တော်သည် ညောင်ဦးမှ ရန်ကုန်သွားရာတွင် ရဲသူအောင်ကား ယာဉ်မောင်းနောက်တွင် ထိုင်ခုံနှစ်လုံးယူ၍ တစ်ဦးတည်း စီးလေ့ရှိပါသည်။ ၁၆နာရီ၊ ၁၇ နာရီစီးရသော်ငြားလည်း ပင်ပန်းနွမ်းနယ်ခြင်း မရှိပါ။ မြေနီကုန်းဈေးလမ်း ဦးမြင့်အောင်-ဒေါ်သန္တာတို့ တိုက်တွင် ထမင်းပဲပြုတ်၊ငါးခြောက်ဖုတ်စားပြီး သွားစရာလာစရာရှိသည်များကို တစ်နေကုန်သွားလာလှုပ်ရှားနိုင်ပါသည်။

ဦးတင့်ဆွေတို့ သုံးဦးက ထမင်းစားကြသော်လည်း ကျွန်တော်ကမူ ထမင်းရည်ပူပူဖြင့် အမဲခြောက်ဖုတ်စားသည်။ ထမင်းရည်သည် ဆန်၏အရသာအရှိဆုံး၊ အကောင်းဆုံးဖြစ်သည်။

ဖေဖော်ဝါရီလ ၁၁ ရက်နေ့ ညနေတွင် ပခုက္ကူသို့ ပြန်ရောက်ပါသည်။ ခရီးပန်းလွန်း၍ ထိုင်ချင်ထချင်စိတ်မရှိသည့်အပြင် အလွန်ဝါသနာပါသည့် စာဖတ်ခြင်း၊ စာရေးခြင်းကို မပြုလုပ်လိုဘဲ အိပ်ရာထဲတွင်သာ လဲလျောင်းနေချင်ပါသည်။ သမားတော်ကြီး ဦးကိုကိုလွင်ကို အိမ်ပင့်၍ ကျန်းမာရေးစစ်ဆေးပါသည်။

သွေးပေါင် ၁၃၀-၉၀၊ အဖျား ၁၀၁ ဒီဂရီ ရှိသည့်အတွက် ဆန်ပြုတ်ဖြစ်စေ၊ ထမင်းရည်ဖြစ်စေ သောက်ရန် ပြောသွားပါသည်။

ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် တောင်ငူမြို့ ဒေါ်အုန်းခင်ထံ ဖက်စ်ကြေးနန်းရိုက်ပါသည်။ ကျေးဇူးတင်ကြောင်းနှင့် ကျန်းမာစေလိုကြောင်းအပြင် လှူဒါန်းသည့်ငွေ ၁၀ သိန်းကိုလည်း ပခုက္ကူမြို့ မြန်မာ့စီးပွားရေးဘဏ်သို့ သွင်းပြီး ဖြစ်ကြောင်း၊ ဘဏ်စာရင်းအမှတ်မှာ(အက်စ်အက်ဖ်-၈၂) ဖြစ်ပါကြောင်းနှင့် အောက်ပါအတိုင်း အကြံပေးရေးသားခဲ့ပါသည်-

"ဒေါ်အုန်းခင် အနေဖြင့် တောင်ငူမြို့၌ ဘဝမှတ်တိုင်တစ်ခု စိုက်ထူစေလိုပါကြောင်း၊ ကျန်းမာရေးအတွက် ပြုလုပ်မည်ဆိုလျှင် တောင်ငူဆေးရုံ၌ ဆင်းရဲနွမ်းပါး၍ ဆေးဝါးမဝယ်ယူနိုင်သည့် လူနာများကို တစ်ဖက်တစ်လမ်းမှ ကူညီထောက်ပံ့သည့်သဘော ဖြင့် ရန်ပုံငွေတစ်ရပ် ထူထောင်ရန်၊ သို့မဟုတ် အခြေခံပညာ အထက်တန်းအောင်မြင်ပြီးသော်လည်း မိဘအုပ်ထိန်းသူများ နွမ်းပါး၍ တက္ကသိုလ်၊ ကောလိပ် တက်ရောက်ရန် အခက်အခဲ ရှိနေသည့် ကျောင်းသား၊ ကျောင်းသူများကိုတစ်ဖက်တစ်လမ်းမှ ကူညီထောက်ပံ့သည့်ပညာရေးရန်ပုံငွေလှူဒါန်းမည်ဆိုလျှင်ပိုကောင်းမွန်ပါသည်။ ငွေသိန်း ၁၀၀ ကျော်၊ ၁၅၀ ဆိုလျှင် သင့်လျော်ပါသည်။ ၎င်းရန်ပုံငွေမှ ဘဏ္ဍာရေး နှစ်တစ်နှစ်အတွက် ရရှိသည့်အတိုး ငွေ ၈၀ ရာခိုင်နှုန်းကိုသာ ထုတ်ယူသုံးစွဲရမည်။ ကျန်ငွေ ၂၀ ရာခိုင်နှုန်းကို မူလမတည်ငွေရင်းသန်တိုးပွားရန်အတွက် ချန်ထားရမည်။ နှစ်ကြာလေ ရန်ပုံငွေ တိုးပွားလေဖြစ်သည်။ ဒေါ်အုန်းခင် ကွယ်လွန်သည့် တိုင်အောင် ရန်ပုံငွေကတော့ ရှင်သန်နေမည်သာဖြစ်ပါသည်။

အကယ်၍ လှူဒါန်းလိုသည်ဆိုပါက ကျွန်တော်ကိုယ်တိုင် လာရောက်ကာ ရေရှည်တည်တံ့ခိုင်မြဲအောင် ပြုလုပ်ပေးမည် ဖြစ်ပါသည်။

အလှူရှင် စေတနာရှင် ဒေါ်အုန်းခင် ကျန်းမာရွှင်လန်းချမ်းမြေ့ပါစေ။

ပခုက္ကူဦးအုံးဖေ

မတ်လ ၂၁ ရက်နေ့အထိ ဒေါ်အုန်းခင်ထံမှ အကျိုးအကြောင်း မပြန်ကြားသဖြင့် သူ့ဆေးလိပ်ခုံအတွက်ဝယ်ယူတင်ပို့နေသူ ပွဲစားဦးဝင်းခိုင်ကို ဖုန်းနံပါတ်နှင့် အိမ်အမှတ် မေးမြန်းရာ အိမ်အမှတ် ၁၆/၃၄ ဗိုလ်ဖိုးကွန်းလမ်းနှင့် ဖုန်းအမှတ် ၀၅၄/၂၄၃၁၅ ဖြစ်ကြောင်း သိရပါသည်။

မတ်လ ၂၂ ရက်နေ့လယ်ပိုင်းတွင် ဒေါ်အုန်းခင်ထံ ဖုန်းဆက်ပါသည်။ ဖုန်းကိုင်သူမှာအမျိုးသမီးတစ်ဦးဖြစ်၏။

"ဘယ်သူလဲ၊ ဘာကိစ္စလဲ"ဟု မေးပါသည်။

"ကျွန်တော်ဦးအုံးဖေပါ၊ ဒေါ်အုန်းခင်နဲ့ ပြောချင်လို့ပါ"

"ခဏကိုင်ထားပါ"ဟု ပြောကာ အတန်ကြာတော့-

"ဒေါ်အုန်းခင် အပူဒဏ်ကြောင့် မောနေ၍စကားမပြောနိုင်ပါ" ဟု ပြန်ပြောလာပါသည်။

"ဖေဖော်ဝါရီ ၁၆ ရက်နေ့ကကျွန်တော်ပို့တဲ့ ဖက်စ်ကြေးနန်း ရသလားလို့ သိချင်ပါတယ်" ဟု မေးမြန်းကြည့်ရာ မရကြောင်း သိရပါသည်။

ကျွန်တော်ပို့သည့် ဖက်စ်ကြေးနန်းတွင်ဒေါ်အုန်းခင် အလှူရှင် သီရိသုဓမ္မသီင်္ဂိဘွဲ့ရ ရွှေနှင်းဆီဆေးလိပ်ရုံပိုင်၊ တောင်ငူမြို့ဟုသာ ရေးလိုက်မိပြီး အိမ်အမှတ်နှင့် လမ်းအမည်မပါသွား၍ မရောက်ဟု ယူဆရပါသည်။

မည်သို့ဖြစ်စေ ဤဆောင်းပါး၏အဓိကဦးတည်ချက်မှာ အလှူရှင် ဒေါ်အုန်းခင် ကျန်းမာရွှင်လန်းချမ်းမြေ့စေလိုခြင်းနှင့် ယနေ့ နိုင်ငံတော် တည်ဆောက်ရေးကာလတွင် ပညာရေး၊ ကျန်းမာရေးကဏ္ဍများ၌ မွန်မြတ်သော စေတနာရှင်အလှူရှင်များ တိုးပွားများပြားလာစေလိုသော ဆန္ဒဖြင့် ရေးသားလိုက်ရခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်၏
မြန်မာ့ရိုးရာသိုင်းရောင်စုံ ဓာတ်ပုံပြိုင်ပွဲဆုများ ရွေးချယ်

ရန်ကုန် ဧပြီ ၉

မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်၏ မြန်မာ့ရိုးရာ သိုင်းရောင်စုံ ဓာတ်ပုံပြိုင်ပွဲ ဆုရွေးချယ်ပွဲကို ဧပြီ ၅ရက်က မြန်မာနိုင်ငံဓာတ်ပုံအသင်းတိုက်၌ ကျင်းပရာ မြန်မာနိုင်ငံ ဓာတ်ပုံအသင်း၏ အကဲဖြတ် ဆရာကြီးများဖြစ်သော ဦးမောင်မောင်တင်၊ ဦးမောင်မောင်သောင်း၊ ဦးသန်း(ကုန်သွယ်ရေး)၊ ဥက္ကလာထွန်းရွှေ၊ ဦးမြင့်သိန်းဖေ (မြန်မာ့ရုပ်ရှင်)တို့က ရွေးချယ်သည်။

ပထမဆု ကိုလှထွန်း၊ ဒုတိယဆု ကိုကိုစိုးညွန့်၊ တတိယဆု ကိုစိန်ဌေး၊ နှစ်သိမ့်ဆုများအဖြစ် ရွှေလေ့မျိုးအောင်၊ မြင့်သိန်း(ရှုပ)၊ညီညီစိုးညွန့်၊ ကိုစိန်ဌေး၊စိုင်းခမ်းလင်း (HAWK EYES)၊လင်းထင် (MEDIUM)၊ ကျော်သာ၊ ဇော်ဇော်ထွန်း၊ ကိုလှထွန်းတို့ အသီးသီးရရှိကြသည်။

ရွေးချယ်ခံရသူများ၏မူရင်း Negative Original Fileများကို ဧပြီ ၁၂ ရက်တွင် စိစစ်ပြီး စည်းကမ်းချက် မကိုက်ညီသော ပုံများကို ပယ်ဖျက်၍ နောက်ထပ်အဆင့် ဆုအသီးသီး ဆက်လက်ချီးမြှင့်နိုင်ရန် အရန် ၁၀ ဆုကို ရွေးချယ်ထားသည်။

ဆုချီးမြှင့်ပွဲကို ဧပြီနောက်ဆုံးပတ်၌ ကြေညာသွားမည် ဖြစ်သည်။ အရန် ၁၀ ဆု ရွေးချယ်ခံ ရသူများကိုလည်း ထိုက်သင့်သော ဆုများ ချီးမြှင့်သွားမည် ဖြစ်သည်။

(သတင်းစဉ်)

ဧပြီလ ဒုတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

ရန်ကုန် ဧပြီ ၉

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မိုးအခြေအနေ

ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် သုံးရက်ခန့်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် တစ်ရက်ခန့် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

နေ့အပူချိန်

ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဖြစ်မြဲထက်ပိုပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဖြစ်မြဲခန့်သာရှိမည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်မော်မြို့နှင့် ကသာမြို့တို့တွင် (၉၀)စင်တီမီတာ (၃-ပေခန့်)၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့နှင့် မကွေးမြို့တို့တွင်(၆၀)စင်တီမီတာ(၂-ပေခန့်)နှင့်အောင်လံမြို့၊ ပြည်မြို့နှင့် ဟင်္သာတမြို့တို့တွင် (၃၀)စင်တီမီတာ (၁-ပေခန့်) လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် (၆၀)စင်တီမီတာ (၂-ပေခန့်)လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး လည်ပတ်ရန်ရောက်ရှိ

ရန်ကုန် ဧပြီ ၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့လည်းကောင်း၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့လည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆန်၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံသို့ လည်းကောင်း၊ ချစ်ကြည်ရေးခရီး လည်ပတ်ရန် စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း၊ သမဝါယမ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့် ဌာနဆိုင်ရာ အကြီးအကဲများလိုက်ပါလျက် သုံးနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်၏ ခရီးစဉ်အစ ဖြစ်သည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ သွားရောက်လည်ပတ်ရန် ဧပြီ ၆ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ကြရာ ဒေသစံတော်ချိန် ၁၀နာရီ ၂၅မိနစ်တွင် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ ဝပ်တေး အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိကြသည်။

ရှေးဦးစွာ မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်ဦးနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန သံတမန်ရေးရာဌာန အကြီးအကဲ မစ္စတာလီဘွန်ခမ်တို့ကအထူးလေယာဉ်ပေါ်သို့ တက်ရောက်၍ ခရီးဦးကြိုဆို နှုတ်ဆက်ကြသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ်ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး မစ္စတာဆွမ်ဆာဗက်လင်ဆာဗက်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်သာဗီ ဘိုဒီဆိန်းနှင့် ကြိုဆိုရေးအဖွဲ့ဝင်များ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်ဦးနှင့် ဇနီး ဒေါ်သီတာဌေး၊ စစ်သံမှူး ဗိုလ်မှူးကြီးလှမြင့်နှင့် ဇနီး ဒေါ်သီဂီစိုး၊ မြန်မာနိုင်ငံ သံရုံးနှင့် စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုများက ကြိုဆိုကြသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းအား လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာနဝန်ကြီး မစ္စတာ ဆွမ်ဆာဗက်လင်ဆာဗက်နှင့် ကြိုဆိုရေးအဖွဲ့ဝင်များက ဗီယင်ကျန်းမြို့ရှိ ဝပ်တေး အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

အလေးပြုခြင်း ခံယူ

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းအား ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားတွင် နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်တို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းအား ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားတွင် နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၊ လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်နှင့်အတူ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့နောက် လေယာဉ်ပေါ်မှ ဆင်းသက်လာသော နိုင်ငံတော်ဝန်ကြီးချုပ်အား မြန်မာအမျိုးသမီးငယ်လေး တစ်ဦးက ဂုဏ်ပြုပန်းစည်း ပေးအပ်သည်။

အမျိုးသားလွှတ်တော်သို့ရောက်ရှိ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး မစ္စတာဆွမ်ဆာဗက်လင်ဆာဗက်နှင့် တာဝန်ရှိသူများလိုက်ပါလျက် အမျိုးသား

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❁

ပိဋကတ်တော် မြန်မာပြန်သင်တန်းဖွင့်မည်

ရန်ကုန် ဧပြီ ၉

ပိဋကတ်တော်လာအကြောင်းအရာများသည် လောကသားတို့၏ ပစ္စုပ္ပန်၊ တမလွန် ကြီးပွားချမ်းသာရေးဟူသော လောကရေးရာနှင့် သံသရာမှလွတ်မြောက်ရေးဟူသော ဓမ္မရေးရာများဖြစ်သဖြင့် လူသားတို့၏ အကျိုးစီးပွား ချမ်းသာကို အကြွင်းမဲ့ဆောင်ရွက်နိုင်ရန်ဟူသော ရည်ရွယ်ချက်များဖြင့် သာသနာ့ဝန်ဆောင်အဖွဲ့က စတုတ္ထအကြိမ် ပိဋကတ်တော်မြန်မာပြန်သင်တန်းကို မေ ၈ရက်မှစ၍ အောက်တိုဘာလကုန်အထိ ရှင်သာမဏေဓမ္မဗိမာန်၊ အာဇာနည်လမ်း၊ ဗဟန်းတွင် (စနေနှင့်တနင်္ဂနွေနေ့) နံနက် ၈နာရီမှ ညနေ ၄နာရီ မိနစ် ၂၀အထိ ဖွင့်လှစ်၍ ပါဠိပညာရှင်ဆရာကြီးများက ပို့ချမည်ဖြစ်၍ မည်သူမဆိုတက်ရောက်နိုင်သည်။ (သတင်းစဉ်)

စာရေးတံမဲ အလှူတော်မင်္ဂလာ ကျင်းပမည်

ရန်ကုန် ဧပြီ ၉

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သောင်တုန်းမြို့ ပုဏ္ဏာမာရာမဈေးကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဩဘာသာဘိဝံသ၏(၂၅)ကြိမ်မြောက် စာရေးတံမဲ အလှူတော်မင်္ဂလာအခမ်းအနားကို ဆရာတော်ကြီး သီတင်းသုံးတော်မူရာ ကျောင်းတိုက်ကြီး၌ ဧပြီ ၁၇ရက် (နှစ်ဆန်းတစ်ရက်) နံနက် ၅နာရီတွင် ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

မိတ်ဆက်ပေး

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘွန်ညံဗိုရာချစ်အား မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးစဉ်။ (သတင်းစဉ်)

❀ **စာမျက်နှာ ၆ မှ**

လွှတ်တော်သို့ ရောက်ရှိကြရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်က လှိုက်လှဲခင်မင် လေးစားစွာ ကြိုဆိုနှုတ်ဆက်သည်။ ထို့ပြင် လာအိုအမျိုးသမီးတစ်ဦးက နိုင်ငံတော်ဝန်ကြီးချုပ်အား ဂုဏ်ပြုပန်းစည်း ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော် ဝန်ကြီးချုပ်ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားကို အမျိုးသားလွှတ်တော် အဆောက်အအုံ၌ကျင်းပရာ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူရန် အလေးပြုခံ စင်မြင့်သို့သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက ပြည်ထောင်စုမြန်မာနိုင်ငံတော်သီချင်းနှင့် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ သီချင်းတို့ကို တီးမှုတ်သည်။

ဂုဏ်ပြုတပ်ဖွဲ့စစ်ဆေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်နှင့်အတူ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်အား လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘွန်ညံဗိုရာချစ်က ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဆွမ်ဆာဗက်လင်ဆာဗက်နှင့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်နှင့် ရဲအရာရှိကြီးများ၊ အမျိုးသားလွှတ်တော် အမတ်များ၊ အဆင့်မြင့်အရာရှိကြီးများနှင့် မိတ်ဆက်ပေးသည်။

ထို့အတူ နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး စိုးဝင်းကလည်း လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘွန်ညံဗိုရာချစ်အား မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ပြန်လည်မိတ်ဆက်ပေးပြီး ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လွမ်းသူ့ပန်းခွေချ

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းခေါင်းဆောင်သော မြန်မာ ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဗီယင်ကျန်းမြို့ရှိ သူရဲကောင်းဗိမာန်သို့ သွားရောက်၍ နိုင်ငံတော် ဝန်ကြီးချုပ်က လွမ်းသူ့ပန်းခွေချကာ အလေးပြုသည်။

ထို့နောက် နိုင်ငံတော် ဝန်ကြီးချုပ် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင် များသည် ခေတ္တတည်းခိုမည့် ဗီယင်ကျန်းမြို့ရှိ Lao Plaza Hotel သို့ ရောက်ရှိကြသည်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘွန်ညံဗိုရာချစ်က ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် မိတ်ဆက်ပေးစဉ်။ (သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ သူရဲကောင်းဗိမာန်၌ လွမ်းသူ့ပန်းခွေချအလေးပြုစဉ်။ (သတင်းစဉ်)

☆ နှစ်နိုင်ငံခေါင်းဆောင်များ အပြန်အလှန်လည်ပတ်ခြင်းသည် နှစ်နိုင်ငံအကြား ချစ်ကြည်ရေးကို မြှင့်တင်နေခြင်းဖြစ်။

☆ မြန်မာနိုင်ငံတွင် အမျိုးသားညီလာခံကို ကျင်းပလျက်ရှိ။

☆ ချမှတ်ခဲ့သည့် နိုင်ငံတော်၏ မူဝါဒလမ်းစဉ်(၇)ရပ်ကို အောင်မြင်သည်အထိ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတ မစ္စတာ ခမ်တေးဆီဖန်ဒုံတို့ လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ သမ္မတအိမ်တော် ဧည့်ခန်းမ၌ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတ မစ္စတာ ခမ်တေးဆီဖန်ဒုံအား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ သမ္မတအိမ်တော် ဧည့်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

☆ လာအိုအစိုးရနှင့် ပြည်သူများက မြန်မာနိုင်ငံအား အမြဲထောက်ခံမှုပေးမည်။

☆ ပြည်ပအဖျက်သမားများ၏ စွပ်စွဲမှုများ၊ ဖိအားပေးမှုများကို ဂရုမပြုဘဲ နိုင်ငံတိုးတက်ရေးအတွက်သာ အားစိုက်ရန်လို။

လာအိုနိုင်ငံ သမ္မတ မစ္စတာ ခမ်တေးဆီဖန်ဒုံ

✪ ကျောဖုံးမှ

သံအမတ်ကြီး မစ္စတာ ချန်သာဗီဘိုဒီဆိန်းနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အဆွေတော်အား ကျန်းမာစေရန် ဆုတောင်းမေတ္တာ ပို့သလိုက်သည်ကို ပြောကြားလိုပါကြောင်း၊ ယခုကဲ့သို့ နှစ်နိုင်ငံခေါင်းဆောင်များ အပြန်အလှန်လည်ပတ်ခြင်းသည် နှစ်နိုင်ငံအကြား ချစ်ကြည်ရေးကို မြှင့်တင်နေခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် အမျိုးသားညီလာခံကို ကျင်းပလျက်ရှိပါကြောင်း၊ ချမှတ်ခဲ့သည့် နိုင်ငံတော်၏ မူဝါဒလမ်းစဉ်(၇)ရပ်ကို အောင်မြင်သည်အထိ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် မြန်မာနိုင်ငံ၏ စီးပွားရေး၊ လူမှုရေး ဖြစ်ပေါ်တိုးတက်မှုအခြေအနေကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာခမ်တေးဆီဖန်ဒုံက နှစ်နိုင်ငံအကြား အစဉ်အလာကောင်းသည့် ချစ်ကြည်ရင်းနှီးသော ဆက်ဆံမှုရှိပါကြောင်း၊ ယခုဝန်ကြီးချုပ် နှစ်ဦး၏ အောင်မြင်သော ဆွေးနွေးပွဲကြောင့် နှစ်နိုင်ငံချစ်ကြည်ရေးကို တိုးတက်စေပါကြောင်း၊ နှစ်နိုင်ငံ အပြန်အလှန် ထောက်ခံအားပေးမှုများရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုများကို သိရှိရပါကြောင်း၊ အမျိုးသားညီလာခံ အောင်မြင်စွာကျင်းပနေခြင်းနှင့် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ အောင်မြင်စွာ ကျင်းပခဲ့ခြင်းများအတွက် ဝမ်းမြောက်ပါကြောင်း၊ လာအိုအစိုးရနှင့် ပြည်သူများက မြန်မာနိုင်ငံအား အမြဲထောက်ခံမှုပေးမည် ဖြစ်ပါကြောင်း၊ ပြည်ပအဖျက်သမားများ၏ စွပ်စွဲချက်များ၊ ဖိအားပေးမှုများကို ဂရုမပြုဘဲ နိုင်ငံတိုးတက်ရေးအတွက်သာ အားစိုက်ရန် လိုပါကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် လာအိုပြည်သူ့ဒီမို ကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ခမ်တေးဆီဖန်ဒုံတို့သည် မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘွန်ညံဗိုရာချစ်တို့ ဗီယင်ကျန်းမြို့ရှိ ဝန်ကြီးချုပ်ရုံး၌ ရင်းရင်းနှီးနှီး နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

☆ အပြန်အလှန်မှ

ဆက်လက်၍ နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲကို ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီးဦးတင်ဦး၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြပြီး လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘွန်ညံဗိုရာချစ်နှင့်အတူ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဆွမ်ဆာဗက် လင်ဆာဗက်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဖန်လွန်ချစ်ဗုံဆာ၊ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာစိမ်းဆဖွန်သွန်၊ ဝန်ကြီးချုပ်ရုံး ဒုတိယဝန်ကြီး ဒေါက်တာ ဘိုဗိန်းခမ် ဘောင်ဒါလာ၊ စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုကော်မတီ ဒုတိယဝန်ကြီး မစ္စတာ လိန်းသီခို၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်သာဗီဘိုဒီဆိန်းနှင့် အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြသည်။

ပဏာမပြောကြား

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ရှေးဦးစွာ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဘွန်ညံဗိုရာချစ်က မကြာခင်က ကျင်းပခဲ့သည့် (၁၀)ကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း တက်ရောက်ခဲ့ပြီးနောက် ယခုတစ်ကြိမ် ချစ်ကြည်ရေးခရီး လာရောက်ခြင်းကို ကြိုဆိုပါကြောင်းဖြင့် ပဏာမ ပြောကြားသည်။

ခိုင်မာတည်တံ့

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့သည် အပြန်အလှန်လေးစားမှုနှင့် စာနာနားလည်မှုတို့ကို အခြေခံသည့် ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းထားနိုင်ခဲ့ပါကြောင်း၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်း ဆောင်ရွက်မှုများသည် နှစ်နိုင်ငံ ခေါင်းဆောင်များအကြား အပြန်အလှန် လည်ပတ်မှုများကြောင့် ပိုမိုခိုင်မာ တည်တံ့ခဲ့ပါကြောင်း၊ ဧရာဝတီ – ကျောက်ဖယား – မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (ACMECS)အရ နှစ်နိုင်ငံချင်းနှင့် ဘုံအကျိုးတူပူးပေါင်းဆောင်ရွက်ရေးများတွင် အောင်မြင်စွာ အကောင်အထည်ဖော်လျက် ရှိသည်ကို ဝမ်းမြောက်စွာ တွေ့ရပါကြောင်း။

မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှုများကို အသိပေး ပြောကြားလိုပါကြောင်း၊ မြန်မာနိုင်ငံ အစိုးရသည် ၂၀၀၃ခုနှစ် ဩဂုတ် ၃၀ရက်တွင် နိုင်ငံတော်မှ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ထုတ်ပြန် ကြေညာခဲ့ကြောင်း၊ ပထမ အဆင့်အနေဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအသစ်တစ်ရပ် ရေးဆွဲရန်အတွက် အခြေခံမှုများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံ ပြန်လည်ကျင်းပနေခြင်း ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ပူးပေါင်းဆောင်ရွက်မှုတိုးတက်

ယင်းနောက် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘွန်ညံဗိုရာချစ်က မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများကို အသိပေး ပြောကြားသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရေးနှင့်ပတ်သက်၍ အဆွေတော်၏ ပြောကြားချက်များကို သဘောတူပါကြောင်း၊ မြန်မာနိုင်ငံသည် လာအိုနိုင်ငံ၏ အိမ်နီးချင်းကောင်း နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း၊ မြန်မာနှင့် လာအိုနယ်စပ်ဒေသသည် တည်ငြိမ်အေးချမ်းလျက်ရှိပြီး ပူးပေါင်းဆောင်ရွက်မှုများတိုးတက်နေသည်ကို တွေ့ရပါကြောင်း၊ နှစ်ဖက်ဒေသဆိုင်ရာ တာဝန်ရှိသူများ၏ ကြိုးပမ်းမှုကြောင့် နယ်စပ်ဒေသတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအစိုးရက ကဏ္ဍအတော်များများတွင် ပူးပေါင်းဆောင်ရွက်ခဲ့သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ လာအိုနိုင်ငံတွင် ကျင်းပခဲ့သည့် (၁၀)ကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံအတွင်း အကူအညီပေးခဲ့ခြင်းကို ကျေးဇူးတင်ရှိပါကြောင်း၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများတွင် အကျိုးရှိသည့် ရလဒ်များထွက်ပေါ်လာအောင် အကောင်အထည်ဖော်နိုင်အောင် ၂၀၀၅ခုနှစ် ဇူလိုင်လတွင် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး နှစ်(၅၀)ပြည့်မြောက်မည်ဖြစ်သဖြင့် နှစ်နိုင်ငံအကြား အစဉ်အလာရှိသော ဆက်ဆံရေးကို အထိမ်းအမှတ်အဖြစ် ကျင်းပရေး ညှိနှိုင်း ဆောင်ရွက်သွားလိုပါကြောင်း၊ နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးကို တိုးမြှင့်ဆောင်ရွက်သွားလိုပါကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ (၆)ကြိမ်မြောက် နှစ်နိုင်ငံ ပူးတွဲကော်မရှင် အစည်းအဝေးသဘောတူညီချက်များ အကောင်အထည်ဖော်

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဧပြီ ၉

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ပြည်ထောင်စုမြန်မာနိုင်ငံတော်– နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သည့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များအား ဧပြီ ၇ ရက် နံနက် ၇နာရီခွဲတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘွန်ညံဗိုရာချစ်သည် Lao Plaza Hotel ညည့်ခန်းမသို့ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။

လက်ဆောင်ပေးအပ်

ယင်းသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် လာအိုပြည်သူ့ဒီမို ကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘွန်ညံ ဗိုရာချစ်က နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းအား ခရီးစဉ်မှတ်တမ်း ဓာတ်ပုံအယ်လ်ဘမ်ကို လက်ဆောင်အဖြစ် ပေးအပ်သည်။

အဆိုပါ တွေ့ဆုံနှုတ်ဆက်ရာသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာ နိုင်ငံသံအမတ်ကြီး၊ စစ်သံမှူးနှင့် ဌာနဆိုင်ရာအကြီးအကဲ များ တက်ရောက်ကြသည်။

လိုက်ပါပို့ဆောင်နှုတ်ဆက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်– နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာ ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့သို့ ထွက်ခွာရန် ဒေသ စံတော်ချိန် နံနက် ၈နာရီတွင် လာအိုပြည်သူ့ဒီမိုကရက် တစ် သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ ဝပ်တေးအပြည်ပြည် ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဆွမ်ဆာ ဗက်လင်ဆာဗက်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်သာဗီဘို ဒီဆိန်းနှင့် တာဝန်ရှိသူများ၊ လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်ဦးနှင့် ဇနီး ဒေါ်သီတာငွေ၊ စစ်သံမှူး ဗိုလ်မှူးကြီး လှမြင့်နှင့် ဇနီးဒေါ်သီဂီစိုး၊ မြန်မာသံရုံးနှင့် စစ်သံရုံး ဝန်ထမ်းများနှင့် မိသားစုများက လိုက်ပါပို့ဆောင် နှုတ်ဆက်ကြသည်။

ထွက်ခွာ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စား လှယ်အဖွဲ့ဝင်များသည် အထူးလေယာဉ်ဖြင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေး ခရီးဆက်လက်သွားရောက်မည့် ပြည်ထောင်စုမြန်မာ နိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စား လှယ်အဖွဲ့ဝင်များအား လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်က Lao Plaza Hotel ညည့်ခန်းမ၌ တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး ဆက်လက်သွားရောက်မည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်က Lao Palza Hotel ညည့်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်– နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့သို့ ထွက်ခွာရာ လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဆွမ်ဆာဗက်လင်ဆာဗက်နှင့် ကြိုဆို ရေးအဖွဲ့ဝင်များက ဗီယင်ကျန်းမြို့ရှိ ဝပ်တေးအပြည်ပြည်ဆိုင်ရာလေဆိပ် တွင် ပို့ဆောင်နှုတ်ဆက်စဉ်။

(သတင်းစဉ်)

န်နှင့်(၇)ကြိမ်မြောက်ပူးတွဲကော်မရှင် အစည်းအဝေးကို ယခုနှစ်ကုန်ပိုင်း တွင် ကျင်းပရန်၊ ACMECS နှင့် CLMV ထိပ်သီးအစည်းအဝေးများ၊ သဘောတူညီချက်များအကောင်အထည် ဖော်မှုအခြေအနေသုံးသပ်ရန်၊ ၂၀၀၅ နှစ်အရှေ့အာရှထိပ်သီးအစည်းအဝေး (EAS) ကျင်းပရန်၊ ဖိလစ်ပိုင်နိုင်ငံ ဗူးမြို့တွင်ပြုလုပ်မည့် အာဆီယံ နိုင်ငံ ခြားရေးဝန်ကြီးများ အလွတ်သဘော အစည်းအဝေးတွင် အကြို ညှိနှိုင်း ဆွေးနွေးရေးကိစ္စရပ်များတိုင်ပင်ညှိနှိုင်း ကြပြီးနောက်နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲ ကို ရုပ်သိမ်းလိုက်သည်။(သတင်းစဉ်)

ချောက်မြို့အနီး ရောဝတီမြစ်ကျော် ဓာတ်အားလိုင်းကြိုး လဲလှယ်ချိန် ရေကြောင်းလမ်းပိတ်ထားမည်

ရန်ကုန် ဧပြီ ၉

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ချောက်မြို့အနီးရှိ ကျွန်းချောင်း–ချောက် ဓာတ်အားလိုင်းကြိုးအဟောင်းအား ဖြုတ်သိမ်း၍ ဓာတ်အားလိုင်းကြိုးအသစ် ပြောင်းလဲတပ်ဆင်ခြင်းလုပ်ငန်းကို ဧပြီ ၁၃ ရက်မှ ဧပြီ ၁၈ရက်အထိ နေ့စဉ်နံနက် ၇နာရီမှ ညနေ ၅နာရီအတွင်း လုပ်ငန်းဆောင်ရွက်မည် ဖြစ်သည်။

ဓာတ်အားလိုင်းကြိုး လဲလှယ်တပ်ဆင်နေစဉ်အတွင်း လုပ်ငန်းခွင်အထက်ဘက်နှင့် အောက်ဘက်မြစ်အတွင်းမှ ရေယာဉ်များဖြင့် ကြီးကြပ်ကွပ်ကဲရေးအဖွဲ့မှ စောင့်ဆိုင်းပြီး ကြပ်မတ်ကွပ်ကဲလျက် ရေယာဉ်များမဖြတ်သန်းရန် ရေကြောင်းလမ်း ခေတ္တပိတ်ထားမည်ဖြစ်သည်။ အဆိုပါရေကြောင်းအတွင်းမှ ဖြတ်သန်းကြမည့် ရေယာဉ်များ၊ သစ်ဖောင်များအနေဖြင့် လုပ်ငန်းခွင်မှ လွတ်ကင်းရာရေကြောင်းတွင် ခေတ္တရပ်နားစောင့်ဆိုင်းပြီး လုပ်ငန်းဆောင်ရွက်ပြီး၍ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့၏ ခွင့်ပြုချက်ရမှသာ ဖြတ်သန်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထား သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြ အစီအစဉ်

၁၀–၄–၂၀၀၅
(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓေအေဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင် သာသနာပြု ဆရာတော် ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်
၈:၁၅ ၆။ ခါသကြိန်အဆိုအကမျာ
၈:၃၀ ၇။ International New
၈:၄၅ ၈။ Say it in English.
၉:၀၀ ၉။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ ခါသကြိန်အဆိုအကမျာ
၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံ သတင်းစဉ်
၁၁:၄၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ ချစ်ပန်းမေတ္တာ (အပိုင်း**
၁၂:၂၀ ၅။ တံငါတံတား
၁၂:၃၀ ၆။ **မြန်မာရုပ်ရှင် "သကြိန်မိုး" (နေအောင်၊ ဇင်ဝိုင်း၊ ခင်သန်းနု၊ မေသန်းနု၊ သီတာသိမ့်) (ဒါရိုက်တာ–မောင်တင်**
၂:၄၅ ၇။ International New
၃:၀၀ ၈။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေ
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သ ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English for Everyday
၄:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာ ရုပ်မြင်သံကြားသင်ခန်း – ပထမနှစ် (သိပ္ပံအထူးပြုအားလုံး) (ဓာတုဗေဒ)
၅:၀၀ ၅။ ပြည်ထောင်စု တိုင်းရင်းသ အက
၅:၁၅ ၆။ တေးဂီတအစီအစဉ်
၅:၃၀ ၇။ ခါသကြိန်အဆိုအကမျာ
၅:၄၅ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
၆:၃၀ ၉။ ညနေခင်းသတင်း
၇:၀၀ ၁၀။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ခွန်းခြွေသီ တစ်ရာ့တ (အပိုင်း–၁၄)**
၇:၃၀ ၁၂။ ခါသကြိန်အဆိုအကမျာ
၇:၄၅ ၁၃။ စိုက်ပျိုးစွမ်းအားပြည်ထွန်
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်သံသရာ"(အပိုင်**
၁၈။ နောက်တစ်နေ့အစီအစဉ်
၁၉။ အစီအစဉ်ပြီး၏။

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်က လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ Lao Plaza Hotel ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံရာ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်က နှုတ်ခွန်းဆက် ဆုတောင်းစကား ပြောကြားစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်က လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဗီယင်ကျန်းမြို့ရှိ Lao Plaza Hotel ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံရာ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက နှုတ်ခွန်းဆက် ဆုတောင်းစကား ပြောကြားစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား လာအို ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်က ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

ရန်ကုန် ဧပြီ ၉

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သည့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ဧပြီ ၆ ရက် ည ၇နာရီတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်က ဗီယင်ကျန်းမြို့ရှိ Lao Plaza Hotel ခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

တက်ရောက်

အဆိုပါဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ လာအိုပြည်သူ့ ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး၊ စစ်သံမှူးနှင့် ဌာနဆိုင်ရာ အကြီးအကဲများတက်ရောက်ကြပြီး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်နှင့်အတူ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာဆွမ်ဆာဗက်လင်ဆာဗက်၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်အမတ်များနှင့် အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲတွင် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းတို့သည် နှုတ်ခွန်းဆက်ဆုတောင်းစကား ပြောကြားကြသည်။

ဧည့်ခံဖျော်ဖြေ

ဂုဏ်ပြုညစာ မသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း လာအိုယဉ်ကျေးမှုအဖွဲ့ဝင်များက တေးသံသာများဖြင့်လည်းကောင်း၊ တေးသီချင်းများဖြင့်လည်းကောင်း၊ ရိုးရာအကများဖြင့်လည်းကောင်း ဧည့်ခံဖျော်ဖြေကြသည်။

ဧည့်ခံဖျော်ဖြေပွဲအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်နှင့်အတူ လာအိုယဉ်ကျေးမှု အဖွဲ့ဝင်များအား ဂုဏ်ပြုပန်းခြင်း ပေးအပ်သည်။

အမှတ်တရဓာတ်ပုံရိုက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်နှင့် အဖွဲ့ဝင်များသည် လာအိုယဉ်ကျေးမှု အဖွဲ့ဝင်များနှင့်အတူ အမှတ်တရဓာတ်ပုံရိုက်ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်က လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ Lao Plaza Hotel ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ပုံမှန် အစည်းအဝေး(၃/ ၂၀၀၅)သို့ တက်ရောက်၍ အမှာစကားပြောကြား

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ပုံမှန်အစည်းအဝေး (၃/၂၀၀၅)တွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် ဧပြီ ၉

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ပုံမှန်အစည်းအဝေး (၃/၂၀၀၅)ကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ပြည်လမ်းရှိ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေး ကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း(အငြိမ်းစား) နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ဗဟိုစည်းရုံးရေး ကော်မတီဝင် အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်နယ်/ တိုင်း စစ်မှုထမ်း ဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ဆွေးနွေးမှာကြား

ရှေးဦးစွာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ညီလာခံ(၂၀၀၅) ကျင်းပပြုလုပ်ရေးအတွက် မူဝါဒနှင့် လုပ်ငန်းစီမံချက်များ အသေးစိတ် ချမှတ်ဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ အဖွဲ့ကြီး၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းများ၊ ကုန်သွယ်မှုလုပ်ငန်းများ၊ ဆက်လက်တိုးချဲ့ ဆောင်ရွက်ရမည့် အစီအမံများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ စစ်မှုထမ်းဟောင်းနှင့် မိသားစုများ၏ နေရေးထိုင်ရေး ကိစ္စရပ်များ အဆင်ပြေချောမွေ့စေရေးအတွက် စစ်မှုထမ်းဟောင်းကျေးရွာများ၊ အိမ်ရာများ၊ ကျေးရွာစာသင်ကျောင်းများ၊ လမ်းတံတားများ ဆက်လက် တည်ဆောက် စီမံဆောင်ရွက်ပေးမည့် အခြေအနေများနှင့် စပ်လျဉ်း၍လည်းကောင်း၊ အကျယ်တဝင့် ဆွေးနွေးမှာကြားသည်။

ထို့နောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေး ကော်မတီ အတွင်းရေးမှူး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေက မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ပုံမှန်အစည်းအဝေး(၂/၂၀၀၅)၏ ဆုံးဖြတ်ချက်များကို ဖတ်ကြားအတည်ပြုပြီး လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ (၂၀၀၅)ခုနှစ် ညီလာခံ ကျင်းပရေး ကော်မတီအတွင်းရေးမှူး မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ အတွင်းရေးမှူး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေက (၂၀၀၅)ခုနှစ် ညီလာခံကျင်းပရေးနှင့်စပ်လျဉ်း၍ ဆွေးနွေး တင်ပြသည်။

ယင်းနောက် အစည်းအဝေးအစီအစဉ် စာတမ်း၊ မှတ်တမ်းနှင့် ဆုံးဖြတ်ချက်များ ပြုစုရေးဆပ်ကော်မတီ၊ အခမ်းအနားပြင်ဆင်ရေး ဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့်ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ၊ သယ်ယူပို့ဆောင်ရေး ဆပ်ကော်မတီ၊ ဧည့်ခံကျွေးမွေးရေး၊ သက်သာချောင်ချိရေး၊ ဖျော်ဖြေရေးနှင့် လေ့လာရေးဆပ်ကော်မတီ၊ ပြန်ကြားရေးဆပ်ကော်မတီ၊ ကျန်းမာရေး ဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီနှင့် ဘဏ္ဍာရေးဆပ်ကော်မတီတို့မှ ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ (၂၀၀၅)ခုနှစ် ညီလာခံကျင်းပရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ဖြည့်စွက် ရှင်းလင်း

ဆက်လက်၍ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း(အငြိမ်းစား)က ညီလာခံ ကျင်းပရေးနှင့်စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်နှင့်တိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ များက မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ (၂၀၀၅)ခုနှစ် အကြိုညီလာခံ ကျင်းပရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို အကြံပြု ညှိနှိုင်းဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဝင်းသူဇာအရောင်းဆိုင် မင်းတုန်းမြို့၌ ဖွင့်လှစ်

ရန်ကုန် ဧပြီ ၉

အမှတ်(၁) စက်မှုဝန်ကြီးဌာနသည် ဧရာဝတီမြစ် အနောက်ဘက်ခြမ်းရှိ မြို့ရွာများ ဖွံ့ဖြိုးတိုးတက်ရန်ရည်ရွယ်၍ ၂၀၀၅ ခုနှစ် မတ်နှင့် ဧပြီအတွင်း ဝင်းသူဇာအရောင်းဆိုင် ၁၁ဆိုင်အား ဖွင့်လှစ်၍ ပြည်သူများသို့ ဖြန့်ဖြူး ပေးလျက်ရှိသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အလားတူ ဝင်းသူဇာအရောင်းဆိုင်(မင်းတုန်း)ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်(၈)နာရီတွင် မကွေးတိုင်း သရက်ခရိုင် မင်းတုန်းမြို့ရှိ အမှတ်(၄)ရပ်ကွက် လမ်းမတော်လမ်း၌ကျင်းပရာ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည် မြေထည်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးရီနှင့် သရက်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်စန်း တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

မင်းတုန်းမြို့ ဝင်းသူဇာအရောင်းဆိုင်တွင် စက်မှု(၁) ထုတ်ကုန်ပစ္စည်းများ ဖြစ်သည့် အဝတ်အထည်၊ စားသောက်ကုန်များ၊ ဆေးဝါးနှင့် လူသုံးကုန်ပစ္စည်းများ၊ စက်ဘီးနှင့် အပ်ချုပ်စက်များ၊ စာရေးကိရိယာများကို ဈေးနှုန်းချိုသာစွာဖြင့် အလွယ်တကူဝယ်ယူသုံးစွဲနိုင်ရန် ရောင်းချသွားမည်ဖြစ်ပြီး ဒေသခံပြည်သူများ၏ လိုအပ်ချက်နှင့်အညီ စက်မှု(၁) ထုတ်ကုန်ပစ္စည်းများကို စဉ်ဆက်မပြတ် ဖြည့်ဆည်းရောင်းချသွားမည်ဖြစ်သည်။ (သတင်းစဉ်)

တိုက်ဂါးအပျော်တမ်းရှုံး/ ထွက် ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၉

Myanmar Brewery Ltd. က အဓိကပံ့ပိုးသော တိုက်ဂါးအပျော်တမ်းရှုံး/ထွက်ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၁၁နာရီတွင် လှိုင်သာယာမြို့နယ် ပန်းလှိုင်ဂေါက်ကွင်း၌ကျင်းပပြီး ညနေ ၅နာရီတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပသည်။

ပါဝင်ယှဉ်ပြိုင်

ပြိုင်ပွဲတွင် အပျော်တမ်း ဂေါက်သီး ရိုက် အားကစားသမား ၇၀ အား ပထမ(၉)ကျင်းတွင် System (36) စနစ်အရ ပါဝင် ယှဉ်ပြိုင်စေပြီး လက်ရည်စစ်ပွဲ အောင်မြင်သော ၁၀ဦး အား ကျင်းတိုင်းတွင် ရှုံး/ထွက် စနစ်ဖြင့် ပါဝင်ယှဉ်ပြိုင်ကြသည်။

ရှုံး/ထွက်စနစ်ပြိုင်ပွဲအရ နောက်ဆုံး တက်လာသော အောင်သွင်ကျော်နှင့် သိန်းလင်းထွန်းတို့သည် အမှတ်(၁၈) ကျင်း၌ ရိုက်ချက်တူနေသဖြင့် ၎င်းကျင်း ၌ပင် ကိုက် ၁၀၀ အကွာအဝေးမှ ကျင်းပိုကစားရာ အောင်သွင်ကျော်က အနိုင်ရရှိသွားသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ဦးအောင်ကြည်က Longest Drive ရိုက်ချက်ဆု ရရှိကြသော နှစ်ဦးနှင့် Nearest Pin ဆု ရရှိကြသောနှစ်ဦးတို့အားလည်းကောင်း၊ Myanmar Brewery Ltd. မှ Commercial မန်နေဂျာ Mr. Victor Seah က ဆဋ္ဌမမှ ဒသမအထိ ဆုရရှိကြသူများအား လည်းကောင်း၊ Myanmar Brewery Ltd. မှ အထွေထွေမန်နေဂျာ Mr. David Teng က တတိယ၊ စတုတ္ထနှင့် ပဉ္စမ ဆုရရှိကြသူများအား လည်းကောင်း၊ Myanmar PGA နှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ် ဝင်းလှိုင်(ငြိမ်း)က ပထမရရှိသော အောင်သွင်ကျော်နှင့် ဒုတိယရရှိသော သိန်းလင်းထွန်းတို့အား လည်းကောင်း ဆုများကို ချီးမြှင့်သည်။

ဆက်လက်၍ Myanmar Brewery Ltd. အထွေထွေမန်နေဂျာ Mr. David Teng က မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်သို့ လှူဒါန်းငွေ ဒေါ်လာ ၂၅၀၀ကိုပေးအပ်ရာ အဖွဲ့ချုပ် ဥက္ကဋ္ဌက လက်ခံသည်။

အဆိုပါ တိုက်ဂါးအပျော်တမ်း ရှုံး/ ထွက် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် အနိုင် ရရှိသော အောင်သွင်ကျော်သည် ဧပြီ ၁၅ရက်မှ ၁၇ရက်အထိ ထိုင်းနိုင်ငံ ဖူးကတ်မြို့ရှိ The Blue Canyon ဂေါက်ကွင်း၌ ကျင်းပမည့် Tiger Skins ဂေါက်သီးရိုက်ပြိုင်ပွဲသို့ Tiger Myanmar Amateur Open Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ဗိုလ်စွဲခဲ့သော သိန်းဇော်မြင့်နှင့်အတူ အခမဲ့ကြည့်ရှုခွင့်နှင့် ဧည့်သည်တော်များပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိပြီး ကမ္ဘာ့အဆင့်ရှိ ဂေါက်သီးရိုက် အားကစားသမားများ ဖြစ်ကြသော Retier Goosen၊ Colin Montgomerie၊ Thomas Bforn နှင့် Miss Seri Pak (ကိုရီးယားသမ္မတ နိုင်ငံ)တို့နှင့်အတူ စရိတ်ငြိမ်း သုံးည အိပ်ခရီး သွားရောက်လည်ပတ်ခွင့် ရရှိမည်ဖြစ်သည်။

Myanmar Brewery Ltd. က အဆိုပါ Winner နှစ်ဦးတို့အား ပျော်ရွှင်ချမ်းမြေ့ဖွယ်ခရီးစဉ်ဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းကာ ဂုဏ်ပြု နေ့လယ်စာဖြင့် Grand Plaza Park Royal Hotel ၌ တည်ခင်းဧည့်ခံ သည်။

တိုက်ဂါး အပျော်တမ်း ရှုံး/ထွက် ပြိုင်ပွဲတွင် Co-Sponsor များအဖြစ် Pun Hlaing Golf Club၊ Air Mandalay၊ Wilson၊ Srixon၊ KM Golf Center နှင့် Ping (Pandagon International Ltd.) တို့က ကူညီပံ့ပိုးပေးကြပြီး ပြိုင်ပွဲဖြစ်မြောက် အောင်မြင်ရေးအတွက် Han Event Management က တာဝန်ယူ ဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

Myanmar PGAနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင် (ငြိမ်း)က တိုက်ဂါး အပျော်တမ်း ရှုံး/ထွက် ဂေါက်သီး ရိုက်ပြိုင်ပွဲတွင် ကျင်းပိုကစားပြီး အနိုင်ရရှိကာ ပထမရရှိသော အောင်သွင်ကျော်အား ဆုချီးမြှင့်စဉ်။ (ဂေါက်သီးရိုက်အဖွဲ့ချုပ်)

အာဆီယံနိုင်ငံများနှင့် ကိုရီးယားသမ္မတနိုင်ငံတို့၏ ရိုးရာလက်မှုပစ္စည်းများဆိုင်ရာ ခင်းကျင်းပြသရေးနှင့် လက်တွေ့သရုပ်ပြပွဲကျင်းပရေးဦးစီးကော်မတီ အစည်းအဝေးကျင်းပ

ရန်ကုန် ဧပြီ ၉

အာဆီယံနိုင်ငံများနှင့် ကိုရီးယားသမ္မတနိုင်ငံတို့၏ ရိုးရာလက်မှုပစ္စည်းများဆိုင်ရာ ခင်းကျင်းပြသရေးနှင့် လက်တွေ့သရုပ်ပြပွဲကျင်းပရေး ဦးစီးကော်မတီ အစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက် ဘက်စုံခန်းမ၌ ကျင်းပရာ ပြပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ ဝန်ကြီးဌာနအသီးသီးမှ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမှာစကားပြော

ရှေးဦးစွာ အာဆီယံနိုင်ငံများနှင့် ကိုရီးယားသမ္မတနိုင်ငံတို့၏ ရိုးရာလက်မှုပစ္စည်းများဆိုင်ရာ ခင်းကျင်းပြသရေးနှင့်လက်တွေ့သရုပ်ပြပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က အဖွင့်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ရှင်းလင်းတင်ပြ

ထို့နောက် ပြပွဲကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး၊ ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းဆွေက ပြပွဲခင်းကျင်းပြသရေးစီမံချက်ပါ ဆုံးဖြတ်ရန် အချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများက ပြပွဲတွင် သက်ဆိုင်ရာ ဝန်ကြီးဌာနအလိုက် ပါဝင်ဆောင်ရွက်သွားမည့် လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အလုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းဆင်း

ရန်ကုန် ဧပြီ ၉

အလုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ၂၀၀၅ ခုနှစ် အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းသင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် အလုံမြို့နယ်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင် တက်ရောက်အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

အလှူငွေပေး

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်က အလှူငွေကျပ် ၂၀၀၀၀၀ကို ပေးအပ်ရာ ရန်ကုန်အနောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်ဝင်းနှင့် အလုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်သူရတို့က လက်ခံယူကြသည်။

ဆက်လက်၍သင်တန်းဆရာ၊ဆရာမများအား ဂုဏ်ပြုလက်ဆောင်နှင့် မှတ်တမ်းလွှာများကို လည်းကောင်း၊ သင်တန်းအလိုက် ထူးချွန်ဆုရသူများအား ဂုဏ်ပြုဆုများကို လည်းကောင်း တာဝန်ရှိသူများက ပေးအပ်ကြသည်။

ကျေးဇူးတင်

ယင်းနောက် အလုံမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်သူရက ကျေးဇူးတင်စကား ပြောကြားသည်။

ပေးအပ်

ဆက်လက်၍ သစ်တောရပ်ကွက် စည်းရုံးရေးမှူး ဦးအောင်စိုးက အသင်းဝင် အဆိုပြုလွှာ ၁၁၅စောင်ကို မြို့နယ် တွဲဖက်အတွင်းရေးမှူး ဦးလှထွန်းသို့ ပေးအပ်သည်။ (သတင်းစဉ်)

မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန် ဆင်နွှဲသူများ လိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်။

(ခ) ဗုဒ္ဓဘာသာယဉ်ကျေးမှုအဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူ၊ ပြောဆိုမှုများ မပြုလုပ်ရန်။

(ဂ) အချင်းချင်း ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသည့် ရေကစားမှုများ မပြုလုပ်ရန်။

(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီးဆူပူမှုကို ဖြစ်စေနိုင် သည့် လှုံ့ဆော်ဖန်တီး ပြုမူပြောဆို၊ ကြိုးပမ်းမှုများကို မပြုလုပ်ရန်။

မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ။

ရေခဲထုပ်၊ ရေပူဖောင်း ဆပ်ပြာရည် ဂက်(စ်)ဘူးဖြင့်ကစားက

၁။ လက်ဝယ်တွေ့သူ ထောင် (၁)နှစ်

၂။ ကစားသူ ထောင် (၃)နှစ်

၃။ ထုတ်လုပ်ရောင်းချသူ ထောင် (၅)နှစ် နှင့်ပစ္စည်းကိုသိမ်း

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ။

သတိ

အရက်/ဘီယာများအား မော်တော်ယာဉ်များဖြင့် လှည့်လည်ရောင်းချခြင်း၊ မဏ္ဍပ်များအနီးနှင့် အခြားနေရာများတွင် တရားမဝင်ရောင်းချခြင်းများ မပြုလုပ်ရန်တားမြစ်သည်။

မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ။

သာကေတ အမက(၃၉) အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၉

သာကေတမြို့နယ် အမက(၃၉)မှ အငြိမ်းစားယူသွားကြသည့် ဆရာ၊ ဆရာမကြီးများအား ပထမအကြိမ် အာစရိယပူဇော်ပွဲကို ဧပြီ ၂၄ ရက် (တနင်္ဂနွေနေ့)တွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်သည်။

အပူဇော်ခံ ဆရာ၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ကိုဇော်ဇော်အောင် ဖုန်း-၂၀၃၃၅၁၊ ကိုဇေယျာမျိုး ဖုန်း-၇၂၂၀၁၇၊ ကိုစိုးမိုးကျော် ဖုန်း-၇၀၇၄၃၅တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၀-၄-၂၀၀၅ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀ ၆။ မြန်မာသင်္ကြန်
၈:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၈။ **ဆရာတော်ဦးဃောသိတ တရားတော် -ပဋ္ဌိစ္စသမုပ္ပာဒ်အခြေခံ**
၉:၁၀ ၉။ အပိတ်နှုတ်ဆက်စကား
၉:၁၁ ၁၀။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ **အသေးသင်ပညာရေးပို့ချမှုအစီအစဉ် -Introduction to Micro Finance (ဒုတိယနှစ်၊အိမ်တွင်းစီးပွားအထူးပြု)**
၄:၅၀ ၅။ သာယာသီကြွေးခေတ်ဆန်းတေး
၅:၀၀ ၆။ အမေးကမ္ဘာတွေးစရာ
၆:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၈။ နိုင်ငံတကာသတင်း
၆:၂၀ ၉။ မိုးလေဝသသတင်း
၆:၂၅ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၁။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း- ငယ်ချစ်ဦး (အပိုင်း-၂၉)**
၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၅။ ပဟေဠိနန်းတော်
၁၆။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၇။ **English Premier League ဘောလုံးပွဲ Tottenham Hotspur Vs Newcastle United**
၁၈။ သင့်အတွက်မနက်ဖြန်
၁၉။ အပိတ်နှုတ်ဆက်စကား
၂၀။ ပြီးပါပြီ။

မီး သတိ ပြု

မအူပင်ခရိုင်အတွင်း ကျေးလက်ကျောက်ချောလမ်းဖွင့်ပွဲနှင့် ကျေးလက်မြေသားလမ်းဖွင့်ပွဲ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် တက်ရောက်အားပေး

ရန်ကုန် ဧပြီ ၉

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် စည်ပင်သာယာရေးဦးစီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၆ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်း မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော ကျေးလက်ကျောက်ချောလမ်းဖွင့်ပွဲနှင့် ကျေးလက်မြေသားလမ်းဖွင့်ပွဲ အခမ်းအနားများသို့ တက်ရောက်သည်။

တက်ရောက်

ရှေ့ဦးစွာ မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော မအူပင်နည်းပညာကောလိပ်နှင့် ဆိပ်သာကျေးရွာချင်းဆက် ကျောက်ချောလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို လမ်းဖွင့်ပွဲမှခ်ဦး၌ ကျင်းပရာ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးနှင့် တာဝန်ရှိသူများသည် အောင်ဟိတ်-ဆိပ်သာ ကျေးလက် ကျောက်ချောလမ်း တစ်လျှောက် ကြည့်ရှုစစ်ဆေးကြသည်။

တက်ရောက်

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော ဘီးလင်း-စစ်ချောင်း ကျေးလက်မြေသားလမ်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

လမ်းဖွင့်ပွဲ အခမ်းအနားအပြီးတွင် ဝန်ကြီးနှင့်အဖွဲ့သည် ဘီးလင်း-စစ်ချောင်း မြေသားလမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ ဘီးလင်း-စစ်ချောင်း မြေသားလမ်းသည် အရှည်နှစ်မိုင်၊ အကျယ် ၁၈ ပေ ရှိသည်။

ပေးအပ်

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် ဧပြီ ၇ ရက်တွင် မအူပင်မြို့နယ်အတွင်းရှိ အထက်တန်းကျောင်းနှင့် အလယ်တန်းကျောင်း ကျောင်းဆောင်သစ် ပေးအပ်ပွဲသို့ တက်ရောက်သည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် လေးအိမ်စု ကျေးရွာသို့ရောက်ရှိပြီး လေးအိမ်စုရွာအဝင် ကျောက်ချောလမ်းဖွင့်ပွဲ အခမ်းအနားကို အဆိုပါ မှခ်ဦး၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိန်မောင်၊ ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်၊ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဝင်းနိုင်ကျော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဝန်ကြီးသည် လေးအိမ်စု အထက်တန်းကျောင်း ကျောင်းဆောင်သစ် လွှဲပြောင်းခြင်း အခမ်းအနားသို့ တက်ရောက်သည်။ ကျောင်းဆောင်သစ်ကို မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိန်မောင်၊ ဧရာဝတီတိုင်း ဒုတိယလက်ထောက် တိုင်းပညာရေးမှူး ဦးမျိုးဆွေနှင့် ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌ ဦးဝင်းဇော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ထနီးရွာအဝင်လမ်း ဖွင့်ပွဲနှင့် မလက်တိုကျေးရွာအဝင် ကျောက်ချောလမ်း ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မလက်တိုကျေးရွာ အလယ်တန်းကျောင်း ကျောင်းဆောင်သစ် လွှဲပြောင်းခြင်းအခမ်းအနားသို့ တက်ရောက်သည်။ ကျောင်းဆောင်သစ်အား မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်ထိုက်၊ မြို့နယ်ပညာရေးမှူး ဦးစိုးဝင်း၊ ကျောင်းအကျိုးတော်ဆောင် ဦးကျော်သိန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

(သတင်းစဉ်)

နယ်စပ်ဒေသ စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ်(၂၁) အိမ်တွင်းမှုအဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၇)နှင့် ကနုကမာကျောက်စီပန်းချီသင်တန်း အမှတ်စဉ်(၂)သင်တန်းဆင်း

ရန်ကုန် ဧပြီ ၉

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေသည် ယမန်နေ့နံနက် ၈ နာရီတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၅၁)ရပ်ကွက်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်းတွင် ကျင်းပသော စီမံခန့်ခွဲရေး သင်တန်းအမှတ်စဉ်(၂၁)၊ အိမ်တွင်းမှု အဆင့်မြင့် စက်ချုပ်သင်တန်းအမှတ်စဉ်(၇)၊ ကနုကမာကျောက်စီ ပန်းချီသင်တန်းအမှတ်စဉ်(၂) သင်တန်းများဆင်းပွဲသို့ တက်ရောက် အမှာစကားပြောကြားသည်။

ယင်းသင်တန်းများ ဆင်းပွဲသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ်(၂၁) တွင် စံပြသင်တန်းသူဆုရရှိသော ဒေါ်စန္ဒာထွန်း၊ ဒုတိယဦးစီးမှူး နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)အား လည်းကောင်း၊ အိမ်တွင်းမှု အဆင့်မြင့် စက်ချုပ်သင်တန်း အမှတ်စဉ်(၇)တွင် စံပြသင်တန်းသူဆုရရှိသော ဒေါ်ယဉ်ယဉ်ထွေး၊ အကူနည်းပြ၊ မင်းတပ်အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းအားလည်းကောင်း၊ ကနုကမာ ကျောက်စီ ပန်းချီသင်တန်း အမှတ်စဉ်(၂)တွင် စံပြသင်တန်းသူဆုရရှိသော ဒေါ်နီနီသင်း၊ နည်းပြ၊ မြဝတီအမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းအားလည်းကောင်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေက ဆုများချီးမြှင့်ခဲ့ပြီး သင်တန်းဆင်းလက်မှတ်များကိုသင်တန်းသူ ခေါင်းဆောင်သို့ ပေးအပ်သည်။

သင်တန်းကာလ

စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ်(၂၁) သို့ ဦးစီးဌာနများမှ သင်တန်းသူ ၂၁ ဦး၊ အိမ်တွင်းမှုအဆင့်မြင့် စက်ချုပ်သင်တန်းအမှတ်စဉ်(၇)သို့ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ သင်တန်းသူ ၁၈ ဦး၊ ကနုကမာကျောက်စီ ပန်းချီသင်တန်း အမှတ်စဉ်(၂)တွင် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ သင်တန်းသူ ကိုးဦး စုစုပေါင်း သင်တန်းသူ ၄၈ ဦး တက်ရောက်အောင်မြင်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ ပတ် ဖြစ်သည်။

မှာကြား

သင်တန်းများ ဆင်းပွဲအပြီးတွင် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေနှင့် အဖွဲ့သည် ကနုကမာကျောက်စီ ပန်းချီသင်တန်းဆင်းများ၏ လက်တွေ့ကနုကမာကျောက်စီခြင်းနှင့် အိမ်တွင်းမှု အဆင့်မြင့် စက်ချုပ်သင်တန်းသူများ ချုပ်လုပ်သော အဝတ်အထည်များအား ကြည့်ရှုအားပေးခဲ့ပြီး **(ဝဲပုံ)** လိုအပ်သည်များ ဖြည့်ဆည်းမှာကြားခဲ့သည်။

(သတင်းစဉ်)

ကိုရီးယား-မြန်မာစီးပွားရေးလုပ်ငန်း တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၉

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ကိုရီးယားသမ္မတနိုင်ငံ Korea Importer Association (KOIMA) အဖွဲ့တို့ ပူးပေါင်း၍ ကျင်းပသော ကိုရီးယား-မြန်မာ စီးပွားရေးလုပ်ငန်း တွေ့ဆုံဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ ဦးသောင်းတင်၊ အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်၊ တွဲဖက်အတွင်းရေးမှူး ဒေါက်တာမောင်မောင်လေး၊ ဦးထွန်းအောင်၊ ဗဟိုအလုပ်အမှုဆောင်များ၊ အလုပ်အမှုဆောင်များနှင့် ဖိတ်ကြားထားသော စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌဦးဝင်းမြင့်၊ ပြည်ထောင်စု မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယား သံအမတ်ကြီး H.E. Mr. Lee Ju Heum နှင့် ကိုရီးယားသမ္မတနိုင်ငံ သွင်းကုန်လုပ်ငန်းရှင်များအသင်း၊ (KOIMA) ဥက္ကဋ္ဌ Mr. Soon Han Kwon တို့က နှုတ်ခွန်းဆက် စကားများ ပြောကြားကြသည်။

ထို့နောက် ကိုရီးယားသမ္မတနိုင်ငံ၏ သွင်းကုန်၊ ထုတ်ကုန်လုပ်ငန်းများ အကြောင်းကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြပြီး ကိုရီးယားအဖွဲ့ဝင်များသည် စီးပွားရေး လုပ်ငန်းအလိုက် မြန်မာစီးပွားရေးလုပ်ငန်းရှင်များနှင့် အကျိုးတူ စီးပွားရေးလုပ်ငန်းများကို တိုးချဲ့ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် စီးပွားရေးအခွင့်အလမ်းများ ရရှိရေးတို့အတွက် တစ်ဦးချင်း စီးပွားရေးလုပ်ငန်း တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်ကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ကိုရီးယား သွင်းကုန်လုပ်ငန်းရှင်များအသင်း (KOIMA) ဥက္ကဋ္ဌ Mr. Soon Han Kwon တို့က ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ညနေ ၄ နာရီတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဒုလ္လဘရဟန်းခံ၊ ရှင်ပြုနှင့်သီလရှင်ဝတ်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၉

- လှူဒါန်းနိုင် -

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ဆ/ကရပ်ကွက် ကျိုက္ကစံဆံတော်ရှင်စေတီတော်အရှေ့ဘက် သုမင်္ဂလာရာမ လယ်တီဝိပဿနာ ကျောင်းတိုက်ကြီးတွင် ဒုလ္လဘရဟန်းခံ၊ ရှင်ပြုနှင့် သီလရှင်ဝတ်ပွဲ မင်္ဂလာအခမ်းအနားကို ဧပြီ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။

ရဟန်း၊ သာမဏေ၊ သီလရှင်ဝတ်လိုသူများ ဧပြီ ၁၃ ရက်အရောက် စာရင်းပေးသွင်းကြရန်နှင့် သင်္ကန်းပရိက္ခရာနှင့် ဆွမ်းအလှူရှင်များ ကျောင်းတိုက် ဖုန်း- ၅၆၀၇၁၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(က-ပ)

ကမ္ဘာမြေကြီး ပူနွေးလာမှု လျှော့ချရေး စည်းဝေး

ရန်ကုန် ဧပြီ ၉

ပတ်ဝန်းကျင် ထိန်းသိမ်းရေး အမျိုးသားကော်မရှင်နှင့် ဂျပန်နိုင်ငံ KRI Inc အဖွဲ့တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်နေသော "ကမ္ဘာမြေကြီးပူနွေးလာမှု လျှော့ချရေးအတွက် နည်းပညာလွှဲပြောင်းမှု လိုအပ်ချက် အကဲဖြတ်ခြင်း စီမံချက်"၏ ဒုတိယအကြိမ် အစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ Sedona Hotel ၌ ကျင်းပရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင် အတွင်းရေးမှူး ဦးသန်းဆွေ တက်ရောက်၍ အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် နည်းပညာလွှဲပြောင်းမှု ဆန်းစစ်မှု အစီအစဉ်များ၊ ရွေးချယ်ထားသည့် နည်းပညာများနှင့် တတိယအကြိမ် အစည်းအဝေး၌ ဆွေးနွေးမည့် အစီအစဉ်များနှင့် ပတ်သက်၍ဆွေးနွေးကြသည်။ အစည်းအဝေးသို့ ဝန်ကြီးဌာန အသီးသီး၊ စက်မှုဇုန်များနှင့်အစိုးရမဟုတ်သော အဖွဲ့အစည်းတို့မှ ကိုယ်စားလှယ်များ တက်ရောက် ဆွေးနွေးကြကြောင်း သိရသည်။

(သတင်းစဉ်)

အခြေခံယာဉ်မောင်းသင်တန်းဆင်း

ရန်ကုန် ဧပြီ ၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနနှင့် ကုန်းလမ်းပို့ဆောင်ရေး ကုန်စည်ပို့ဆောင်ရေးဌာနခွဲတို့ ပူးပေါင်းဖွင့်လှစ်သော အခြေခံယာဉ်မောင်းသင်တန်း အမှတ်စဉ်(၁၅) သင်တန်းဆင်းပွဲ အခမ်းအနားကို ဧပြီ ၈ ရက် နံနက်ပိုင်းတွင် မီးသတ်သင်တန်းကျောင်း ကျန်စစ်သားခန်းမ၌ကျင်းပရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။

သင်တန်းဆင်းပွဲ အခမ်းအနားသို့ မီးသတ်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အရာရှိကြီးများ၊ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်မီးသတ်ဦးစီးဌာနမှူးများ၊ ကုန်းလမ်းပို့ဆောင်ရေးမှ ဌာနခွဲမှူး၊ သင်တန်းမှူး၊ မော်တော်ယာဉ်မှူး၊ သင်တန်းနည်းပြများ၊ ပြည်နယ်/တိုင်းနှင့်ဌာနချုပ်တို့မှ သင်တန်းသားများ တက်ရောက်ကြသည်။

(သတင်းစဉ်)

အဘိဓမ္မာ သင်တန်းဖွင့်မည်

ရန်ကုန် ဧပြီ ၉

ဗဟန်းမြို့နယ် အာဇာနည်လမ်း (ရွှေတိဂုံဘုရား အရှေ့ဘက်) ရှင်သာမဏေ ဓမ္မဗိမာန်ကြီး၌ သာသနာ့ဝန်ဆောင်အဖွဲ့က အဘိဓမ္မာသင်တန်းများကို မေ ၁ ရက် (တနင်္ဂနွေနေ့)မှစ၍ အပတ်စဉ် စနေနေ့နှင့် တနင်္ဂနွေနေ့များတွင် နံနက် ၈ နာရီမှ ၁၀ နာရီအထိ အဘိဓမ္မာ(ရိုးရိုး) သင်တန်းကိုလည်းကောင်း မွန်းလွဲ ၁၂ နာရီခွဲမှ ၂ နာရီအထိ ဋီကာကျော် သင်တန်းကိုလည်းကောင်း ဦးတင်ဝင်းနှင့် ဦးမောင်မောင်(ဟံသာဝတီ)တို့က ပို့ချမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ စာရင်းပေးသွင်း တက်ရောက်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း လာအိုသမ္မတ မစ္စတာ ခမ်တေးဆီဖန်ဒုံအား တွေ့ဆုံနှုတ်ဆက်

ရန်ကုန် မေ ၉

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီး အလည်အပတ် ရောက်ရှိနေသော ပြည်ထောင်စုမြန်မာနိုင်ငံတော်– နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် မေ ၆ ရက် ညနေ ၃နာရီ ၄၅မိနစ်တွင် ဗီယင်ကျန်းမြို့ရှိ သမ္မတအိမ်တော် ဧည့်ခန်းမသို့ သွားရောက်၍ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ခမ်တေးဆီဖန်ဒုံအား တွေ့ဆုံနှုတ်ဆက်သည်။

ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ နိုင်ငံခြားရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်ဦး၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြား ရေးမှူးချုပ် ဦးစိုးတင့်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြပြီး လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သမ္မတ မစ္စတာ ခမ်တေး ဆီဖန်ဒုံနှင့်အတူ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဆွမ်ဆာဗက်လင်ဆာဗက်၊ သမ္မတရုံးဝန်ကြီး မစ္စတာ ဘူဗန်ဆရီ သီရတ်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမို ကရက်တစ်သမ္မတနိုင်ငံ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✪

တွေ့ဆုံ

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်း လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာခမ်တေးဆီဖန်ဒုံအား လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ သမ္မတ အိမ်တော်ဧည့်ခန်းမသို့ သွားရောက်တွေ့ဆုံ စဉ်။ (သတင်းစဉ်)

အပြန်အလှန်လေးစားမှုနှင့် စာနာနားလည်မှုတို့ကို အခြေခံသည့် ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းထားနိုင်

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း

မြန်မာနိုင်ငံသည် လာအိုနိုင်ငံ၏ အိမ်နီးချင်းကောင်းနိုင်ငံတစ်နိုင်ငံဖြစ် နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးကို တိုးမြှင့်ဆောင်ရွက်သွားမို

လာအိုဝန်ကြီးချုပ် မစ္စတာ ဘွန်ညံဗိုရာချစ်

ရန်ကုန် မေ ၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယ ဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဆွမ်ဆာဗက် လင်ဆာဗက် လိုက်ပါလျက် မေ ၆ရက် မွန်းလွဲ ၂နာရီ ၁၅မိနစ်တွင် ခေတ္တတည်းခိုသည့်ဟိုတယ်မှ အထူးယာဉ်တန်းဖြင့် ဗီယင်ကျန်းမြို့ရှိ ဝန်ကြီးချုပ်ရုံးသို့ရောက်ရှိကြရာ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘွန်ညံဗိုရာချစ်က ကြိုဆိုနှုတ်ဆက်သည်။

တွေ့ဆုံနှုတ်ဆက်

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘွန်ညံဗိုရာချစ်တို့သည် ဝန်ကြီးချုပ်ရုံးဧည့်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်ကြသည်။ **စာမျက်နှာ ၈ ကော်လံ ၃ သို့** ☆

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်း လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘွန်ညံဗိုရာချစ်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ ဝန်ကြီးချုပ်ရုံး၌ တွေ့ဆုံစဉ်။ (သတင်းစဉ်)